# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၄၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှို့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်နှင့် လေတပ်တို့အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ

*စာမျက်နှာ ၃ ကော်လံ ၁* ❖


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



❖ *ရှေ့ဖုံးမှ*

သွားရောက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်အထိ အဆိုပါရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြီးမားသည့် ကန့်ကွက်မှုများမရှိခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံရေးအစိုးရများ မည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ တပ်မတော်သည် ပြောင်းလဲမှုမရှိခြင်းကြောင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုတွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည့်ခင်းဧည့်ခံ၊ လေ့လာရေးခရီးသွားရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိလာသည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha နှင့်ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိကြရာ တပ်မတော် (လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်းသို့ ရောက်ရှိကြပြီး သူရဲကောင်းဗိမာန် (နေပြည်တော်) သို့ သွားရောက်ကာ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချ၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်စွန့်ခဲ့ကြသူများအား အလေးပြုကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ် (လေ) နှင့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha က ဘုရင့်နောင်ရိပ်သာ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးအတွက် လေ့လာရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာစားပွဲကို Park Royal Hotel ၌ ပြုလုပ်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တပ်မတော် (လေ)မှ အရာရှိကြီးများ တက်ရောက်ကာ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။ နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေးအဖွဲ့များက တေးသံသာများဖြင့် သီဆိုဧည့်ခံခဲ့ကြသည်။ ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နှစ်နိုင်ငံလေတပ်အကြီးအကဲများက အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ချစ်ကြည်ရေးခရီးစဉ် လာရောက်စဉ်ကာလအတွင်း ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိအထင်ကရနေရာများဖြစ်သည့် ကမ္ဘာအေးဘုရား၊ ဗိုလ်တထောင်ဘုရား၊ ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့လည်းကောင်း၊ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် ဝင်းဗိုလ်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းသီဟ၊ ကျောင်းဆင်းဗိုလ်လောင်းများ၊ ၎င်းတို့၏ မိဘဆွေမျိုးများနှင့်နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင် နေရာယူကြသည်။ ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁ မှ ၁၆ )အထိ လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇ မှ ၂၈) အထိ လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မှော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂) အထိ လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မှော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃ မှ ယနေ့)အထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦး အထိ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၉) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၉ ဗိုလ်လောင်း ရဲထွဋ်အောင်အား ငွေဓားဆု ချီးမြှင့်ပေးအပ်သည်။

**သင်တန်းဆင်းမိန့်ခွန်းပြောကြား**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်(ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် **“တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်”**ဆိုသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် လေ့ကျင့်သင်ယူတတ်မြောက်ခဲ့ပြီးဖြစ်၍ စစ်မြေပြင်နှင့် လက်တွေ့နယ်ပယ်များတွင် တာဝန်ထမ်းဆောင်ကြမည့်သူများကို သိသင့်သိထိုက်သည့် မှာကြားစရာရှိသည်များကို အလေးအနက်ထား မှာကြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA) မှတစ်ဆင့် ဗမာ့ကာကွယ်ရေး တပ်မတော် (BDA)၊ ဗမာ့အမျိုးသား တပ်မတော်(BNA)၊ မျိုးချစ်ဗမာ့တပ်မတော်(PBF)နှင့် ဗမာ့တပ်မတော်(Burma Army) အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကို ပြည်သူ့ရှေ့က ဦးဆောင်မှုပြုကာ ရယူကာကွယ် ထိန်းသိမ်းလျက်ရှိသည်ကို အားလုံး



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်(ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

အသိပင်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးများနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံအတွင်း ဝါဒစွဲကြီးမားမှုတွေကိုအခြေခံပြီး ဂိုဏ်းဂဏကွဲပြားမှုတွေကတစ်ဆင့် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ကြုံတွေ့လာခဲ့ရသည့်အတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရမည့် တပ်မတော်အနေဖြင့် ဒွိတာဝန်အရေးသုံးပါးကို စောင့်ထိန်းပြီး ပြည်သူများနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနေရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြေရှင်းမှုကာလ သမိုင်းစဉ်များတွင် တပ်မတော်၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုများနှင့် ယနေ့မျက်မှောက်ကာလ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ဦးဆောင်ပါဝင်ဆောင်ရွက်နေမှုများကို ကြည့်မည်ဆိုပါက တပ်မတော်သည် မျိုးချစ်စိတ်ကိုအခြေခံပြီး သန္ဓေတည်ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မကြာမီ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်သူများအနေဖြင့် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့် ခေါင်းဆောင်မှုနှင့် ဦးဆောင်လမ်းပြနိုင်ရန် လိုအပ်သကဲ့သို့ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင်လည်း တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ အလိုလိုတတ်မြောက်စေသည့် ပညာရပ်မဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်မှုမှ ကြုံတွေ့ရသည့် အတွေ့အကြုံများမှသာ ခေါင်းဆောင်မှုပညာကို တတ်မြောက်ကြခြင်းဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် မျှတသည့် စိတ်ထား၊ မှန်ကန်သည့် သဘောထားနှင့် လက်အောက်ငယ်သားများအပေါ် ကျောသား၊ ရင်သား မခွဲခြားဘဲ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်နှင့် ကိုယ်ကျင့်တရားမြင့်မားရိုးသားစွာ နေထိုင်သွားကြရန် လိုအပ်ကြောင်း။

**ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်**

သင်တန်းကာလ တစ်လျှောက်လုံးတွင် စစ်မှုအတတ်ပညာရပ်များနှင့် စစ်ဘက်ခေါင်းဆောင်မှု ပညာရပ်များကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည့်အတွက် တပ်မတော်မှာပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်အတိုင်း လက်တွေ့လုပ်ငန်းခွင်တွင် မိမိကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် မိဘသဖွယ် စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်များနှင့် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်ကလည်း စိတ်ဓာတ်၊ စည်းကမ်းအရာမှာ စံနမူနာပြုဖြစ်ပြီး မိမိအဖွဲ့အစည်းက အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အဖွဲ့အစည်းတစ်ခု၏ အောင်မြင်တိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှုသည် အဆိုပါအဖွဲ့အစည်းကို ဦးဆောင်သည့် ခေါင်းဆောင်တစ်ဦးအပါအဝင် ကွပ်ကဲမှုအောက် ဖွဲ့စည်းထားသည့် အရာရှိ၊ စစ်သည်များအားလုံး၏ သင်ကြားပြီးသား စစ်မှုအတတ်ပညာကို တိုက်ပွဲစွမ်းအားများနှင့် စနစ်တကျပေါင်းစပ်အသုံးချတတ်မှု၊ ကြိုးစားအားထုတ်မှုနှင့် စစ်စည်းကမ်း လိုက်နာမှုတို့အပေါ်တွင် များစွာအခြေတည်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း စတင်ပေါက်ဖွားခဲ့သည့် အချိန်ကစ၍ ယနေ့အချိန်အထိ ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ခြင်းသည် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၏ စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုတွေကြောင့်ပင်ဖြစ်သည့်အတွက် စည်းကမ်းနှင့် ပတ်သက်လာပါက အသေးအဖွဲကအစ တိတိကျကျ စောင့်ထိန်းလိုက်နာကြရန်လိုအပ်ကြောင်း၊ စည်းကမ်းသည် လုပ်သင့် လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မလုပ်သင့်၊ မလုပ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်၏ စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးသည် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းထားသည့် စည်းကမ်းချက်များဖြစ်သည့်အတွက် လိုက်နာရန်လိုအပ်သကဲ့သို့ တပ်မတော်အက်ဥပဒေပါ ပြစ်မှု(၄၁)မျိုးမှာ မလုပ်ဆောင်သင့်၊ မလုပ်ဆောင်ထိုက်သည်များကို တားမြစ်ထားသည့် စည်းကမ်းချက်များဖြစ်သည့်အတွက် ရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်နှင့်အမိန့်များကို လိုက်နာမှုအားနည်းလျှင်ဖြစ်စေ၊ မလိုက်နာနိုင်လျှင်ဖြစ်စေ အဆိုပါတပ်သည် အောင်မြင်မှုနှင့် တဖြည်းဖြည်းဝေးကွာပြီး အရှုံးများနှင့်သာ ကြုံတွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော်သားများသည် မိမိနိုင်ငံကို ကာကွယ်လိုသည့်စိတ်နှင့် တပ်မတော်သို့ မိမိတို့၏ သဘောဆန္ဒအလျောက် ဝင်ရောက်တာဝန်ထမ်းဆောင်ကြသည့် နိုင်ငံသားများဖြစ်သည့်အတွက် ပြဋ္ဌာန်းထားသော စစ်ဘက်ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ နိုင်ငံသားတစ်ဦးအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ထားသည့် တည်ဆဲဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာကြရသူများဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်သည် စည်းကမ်းကို အဓိကမဏ္ဍိုင်ပြုပြီး တည်ဆောက်ထားခြင်းကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး လက်အောက်ငယ်သားများကိုပါ စည်းကမ်းလိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရမည့်သူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ယောက်ဖြစ်သည်နှင့်အညီ ပေးအပ်လာသည့် တာဝန်များကို အချိန်မရွေး၊ နေရာမရွေး ထမ်းဆောင်နိုင်ရမည်ဖြစ်၍ ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေးကသာ တည်ဆောက်ပေးနိုင်ခြင်းဖြစ်၍ မိမိကွပ်ကဲအုပ်ချုပ်ရသည့် စစ်သည်များကို စွမ်းဆောင်ရည်မြင့်မားအောင် စနစ်တကျ တိုက်ပွဲကာလပြင်ပရသည့်အချိန်တိုင်းတွင် စစ်ပညာရပ်များကို အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ပေးနေရန် အထူးပင်လိုအပ်ကြောင်း၊ သို့မှသာ သင်ယူတတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချနိုင်မည်ဖြစ်သည့်အပြင် တိုက်ပွဲတိုင်းကို အောင်မြင်မှုရရှိရမည် ဆိုသည့် ယုံကြည်ချက်သည်လည်း အရာရှိ စစ်သည်များ၏ ရင်ထဲ၊ အသည်းထဲတွင် စွဲမြဲယုံကြည်နေမည်ပင်ဖြစ်ကြောင်း။

ထို့အပြင် ကျန်းမာရေးနှင့်ဘဝကို ထိခိုက်စေနိုင်သည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်နှင့် လောင်းကစားမှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပြီး မိမိကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို အသိစိတ်နှင့် ထိန်းသိမ်းရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် မိမိဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲတတ်ရမည်ဖြစ်ကြောင်း၊ အသောက်အစား၊ အပျော်အပါးကင်းသည့် တပ်မတော်သားဘဝကို တည်ဆောက်ရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်မှုရှိအောင် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း။

စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရန်အတွက် သုတ၊ ရသ စာပေများအပြင် မျက်မှောက်ခေတ် စစ်ပညာရပ်များနှင့်ဆိုင်သည့် ဂျာနယ်များ၊ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုရန် လိုအပ်မည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

☆ **လက်တွေ့လုပ်ငန်းခွင်တွင် မိမိကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် မိဘသဖွယ် စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်များနှင့် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်ကလည်း စိတ်ဓာတ်၊ စည်းကမ်းအရာမှာ စံနမူနာပြုဖြစ်ပြီး မိမိအဖွဲ့အစည်းက အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလို**

*စာမျက်နှာ ၄ မှ*

စာဖတ်ခြင်းသည် အတွေးအခေါ်နှင့် အယူအဆများကို မြင့်မားစေသည့်အပြင် ကိုယ်ကျင့်တရားနှင့် အသိပညာကောင်းများကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် အလေးထားလိုက်နာဆောင်ရွက်ကြရန် လိုကြောင်း။

တပ်မတော်တစ်ရပ် အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်ရေးသည် အသက်သွေးကြောပင် ဖြစ်ကြောင်း၊ ခေါင်းဆောင်ငယ်များ ကျွမ်းကျင်တတ်မြောက်အပ်သည့် စစ်ဘက်ခေါင်းဆောင်မှုပညာ၊ စစ်နည်းဗျူဟာနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ကိုင်တွယ်အသုံးပြုသည့် စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း၊ တစ်ဦးချင်းစီ၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ရှိရန်လိုအပ်ပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက ဖြစ်ပေါ်လာနိုင်သည်များကို အဆင့်နှင့်လျော်ညီစွာ ကြိုတင်မျှော်တွေးပြင်ဆင်လေ့ကျင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် တိုးတက်ပြောင်းလဲလျက်ရှိပြီး ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ် လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်"** ဆိုသည့် တပ်မတော်၏ လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ အစဉ်ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်လေ့ကျင့်နေကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ပြီး သင်ယူထားသည့် စစ်ပညာရပ်များကို ကျွမ်းကျင်စွာ အသုံးချနိုင်သည့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော စစ်သည်တော်ကောင်းများ ဖြစ်လာကြမည်ဖြစ်ကြောင်း။

သင်ကြားလေ့ကျင့် ပေးလိုက်သည့် ပညာရပ်များသည် အခြေခံသဘောမျှသာဖြစ်သည့်အတွက် လက်တွေ့အသုံးချသည့်အခါ ခေါင်းဆောင်ငယ်များပီပီ ထိုးထွင်းကြံဆ တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုနှင့် သင်ကြားလေ့ကျင့်ခဲ့သည့် ပညာရပ်များကို ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြမည့် တပ်မတော်သားများအနေဖြင့် ကာကွယ်ရေးစွမ်းရည်ပြည့်ဝစေရန် **"အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဆိုသည့် မြဲသုံးမြဲနှင့် ပြည့်စုံအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်**

နိုင်ငံတော်ကို စွမ်းအားပြည့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အခြားနိုင်ငံများနည်းတူ မိမိတို့တပ်မတော်ကိုလည်း တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကြိုးစားတည်ဆောက်နေသည်ကို



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) မှ အကောင်းဆုံး ဗိုလ်လောင်း ဆုရရှိသူ ဗိုလ်လောင်း ရဲထွဋ်အောင်အား ငွေဓားဆုချီးမြှင့်ပေးအပ်စဉ်။

မြင်တွေ့ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ဆိုသည်မှာ စစ်သည်တစ်ဦးချင်းစီ၏ အရည်အသွေး၊ အရည်အချင်းများပင်ဖြစ်ပြီး အဆိုပါအရည်အသွေး၊ အရည်အချင်းမြင့်မားရန်အတွက် အမြဲပဲလေ့ကျင့်နေရမည်ဖြစ်သကဲ့သို့ တိုက်စွမ်းအားဆိုသည်မှာ စစ်လက်နက်စွမ်းပကား၊ ယာဉ်ယန္တရားများနှင့် ခေတ်မီစစ်ဝတ်တန်ဆာများကို စွမ်းအားပြည့်အသုံးချနိုင်မှုပင်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်မြင့်တက်စေရန်အတွက် နည်းပညာဖွံ့ဖြိုးမှုနှင့်အညီ ပေါ်ပေါက်လာသည့် စစ်လက်နက်ပစ္စည်းများကို အမြဲမပြတ်လေ့ကျင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

တပ်မတော်တစ်ရပ် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား နိမ့်ကျသွားသည်နှင့်အမျှ အခြားနိုင်ငံများ၏ ထိပါးစော်ကားခြင်း၊ ဗိုလ်ကျစိုးမိုးခြင်းနှင့် ခြိမ်းခြောက်ခြင်းများကို ခံရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝအောင် လေ့ကျင့်ရေးကဏ္ဍများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် နည်းစနစ်တကျ မခိုမကပ်ဘဲ ရရှိသည့် အချိန်တိုင်းတွင် အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၀ ပြည့်နှစ်မှ ၁၉၆ဝ ခုနှစ်အထိ ပြည်ပကျူးကျော်မှုအန္တရာယ်၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်း၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်း၊ ၂၀၂၁ ခုနှစ် နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ခေတ္တထိန်းသိမ်းရတဲ့ အချိန်အတွင်း ဆူပူအကြမ်းဖက်မှုနှင့် စစ်ရေးခြိမ်းခြောက်မှုများ၊ ကိုဗစ်အန္တရာယ်ဆိုး၊ ၂၀၂၃ ခုနှစ် အဖျက်စွမ်းအားကြီးမားတဲ့ မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်မှာ နှစ်ပေါင်း ၁၀၀ အတွင်း တစ်ကြိမ်သာဖြစ်ပေါ်ဖူးတဲ့ ရာဂီမုန်တိုင်း၏ နောက်ဆက်တွဲ ရေကြီးရေလျှံမှု၊ ၂၀၂၅ ခုနှစ်မှာ ရစ်ချက်တာစကေး ၇ ဒသမ ၇ ရှိသည့် မန္တလေး၊ စစ်ကိုင်းငလျင်ဘေးဆိုးကြီး စသည့် နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလှသည့် အရေးကိစ္စတို့နှင့် ကြုံတွေ့ခဲ့ချိန်တိုင်းတွင် နိုင်ငံတော်နှင့် ပြည်သူ၏ အကျိုးစီးပွားအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ထက်သန်စွာနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များနှင့် သဘာဝဘေးဒဏ် ခံစားနေကြရသည့် ပြည်သူလူထုများ၏ ဘေးဆိုးအန္တရာယ်များကို လူ့အသက်ထက် မည်သည့်အရာမှ အရေးမကြီးဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ ညွှန်ကြားချက်အတိုင်း အထက်အဆင့်ဆင့် အမိန့်စောင့်စရာမလိုဘဲ ဖြစ်စဉ်နေရာ၌ ဦးစွာရောက်ရှိပြီး သဘာဝဘေးဆိုးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းပေးခဲ့ရသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း မူလအဆင့်အတန်းထက် ပိုမိုမြင့်မားစေရေး ရည်မှန်းဆောင်ရွက်ရန် လမ်းညွှန်ချက်ကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်လျက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်နှင့် ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို အားလုံးသိမြင်ကြပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေချိန်တွင် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈)၊ ပုဒ်မ ၃၈၃ တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်"** ဟု ပြဋ္ဌာန်းထားပြီးဖြစ်သောကြောင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဦးဆွေးဆံမြည့် ကာကွယ်စောင့်ရှောက်သွားကြရန် အထူးမှာကြားလိုကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်၏ ပကတိလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိမှသာ ခိုင်မာတိုးတက်သည့် လူမှုစီးပွားဘဝများကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အခက်အခဲများဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည့် မြို့နယ်အချို့ကို စစ်အုပ်ချုပ်ရေးအမိန့်များထုတ်ပြန်ခဲ့ပြီး တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အကြမ်းဖက်သမားများသည် ခိုအောင်းနေသည့် မြို့ရွာတော်တော်များများမှ ဆုတ်ခွာထွက်ပြေးနေကြပြီဖြစ်သကဲ့သို့ NUG ၊ CRPHနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားအချို့သည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်လက်ခံလာပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ဥပဒေဘောင်အတွင်း တစ်ဖွဲ့ဖွဲ့ဝင်ရောက်လာမှုအနေဖြင့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ အလင်းဝင် စုစုပေါင်း ၁၃၄၁ ဦးရှိနေပြီး ဆက်လက်၍လည်း အလင်းဝင်ရောက်ရန် ဆက်သွယ်နေကြဆဲဖြစ်ကာ အမှောင်ကာလအတွင်း ဥပဒေနှင့်ငြိစွန်းခြင်းမရှိသည့် အလင်းဝင်ရောက်သူများကို နိုင်ငံတော်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးတို့မှ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုခဲ့ကြပြီး မိဘဆွေမျိုးရင်ခွင်အတွင်းသို့ လိုအပ်သည့်၊ တတ်နိုင်သည့် ထောက်ပံ့ပေးမှုများနှင့် လွှဲပြောင်းပေးခဲ့ရာ အလင်းဝင်ရောက်သူများအနေဖြင့်လည်း စိတ်လက်ချမ်းသာစွာဖြင့် မိသားစုများနှင့် အေးချမ်းပျော်ရွှင်နေကြပြီဖြစ်ကြောင်း။

**မမိုတ်မသုန်**

**ကျေကျေပွန်ပွန်ထမ်းဆောင်**

နယ်မြေ တည်ငြိမ်အေးချမ်းရေး ပြန်လည်ရယူနိုင်ခဲ့သည့် မြို့နယ်များကို အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပေးအပ်လာသည့် တာဝန်မှန်သမျှကို မမိုတ်မသုန် ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြဖို့ တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အလွန်ရုပ်ဆိုးအကျည်းတန်သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)ပါ **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"** ဆိုသည့် ပြဋ္ဌာန်းချက်အတိုင်း တပ်မတော်သည် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်နှင့်အညီ တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်နှင့်အညီ နိုင်ငံတော်ကို ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်အောင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ဒီမိုကရေစီစနစ်တွင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသည့် ရွေးကောက်ပွဲသည် အရေးကြီးဆုံးဖြစ်ခြင်းကြောင့် ၂၀၂၃ ခုနှစ်လောက်မှ စတင်ပြီး ရွေးကောက်ပွဲအတွက် တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သည်များကို ပြင်ဆင်စီမံခဲ့ရာမှ နောက်ဆုံး လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အပိုင်း ၃ ပိုင်းခွဲပြီးအောင်မြင်စွာ ကျင်းပပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းအနက် ၁၃ ဒသမ ၁၃ သန်း လာရောက်မဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းပြည်သူများက ဆန္ဒမဲပေးခဲ့ကြတာကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် တပ်မတော်အနေဖြင့် လုံခြုံရေးပိုင်းအပါအဝင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့သလို နိုင်ငံတော်အစိုးရမှလည်း တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန်အတွက် နိုင်ငံတကာမှ ရွေးကောက်ပွဲဆိုင်ရာစောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်၍ လာရောက်လေ့လာစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုက

*စာမျက်နှာ ၆ သို့*

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ် နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်သူ့ ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားကာ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း(ဗထူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက် မြို့မဘုရားကြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတာရက အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ဆွမ်းဆန်တော်၊ ဆီ၊ သကြားန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် မြို့မဘုရား ကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အဖွဲ့ဝင်များသည် ရပ်စောက်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံမှ တာဝန်ရှိသူ များက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက် မြို့မဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတာရကထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရပ်စောက်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Grade-12 စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား အနီးကပ်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*

လွတ်လပ်၍ တရားမျှတစွာ ရွေးချယ်ပေး လိုက်သည့် ရွေးကောက်ပွဲက ပေါ်ထွန်း လာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော် တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့် အညီ လက်ရှိနိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်က လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ဘက်လိုက်မှု ကင်းကင်းနှင့်နိုင်ငံ့တာဝန်ကို ထမ်းဆောင် နေမှုများဖြစ်သကဲ့သို့ သမိုင်းမှတ်တမ်း ကောင်းများလည်းဖြစ်ကြောင်း၊ မိမိနိုင်ငံ နှင့် တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာ၍ မှန်မှန်ကန်ကန် သုံးသပ်ပြီး နိုင်ငံ့သားကောင်းများဖြစ် အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှု ရှိရေးအတွက် တပ်မတော်အင်အား တောင့်တင်းရမည် ဖြစ်သကဲ့သို့ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်”** ဆိုရိုးအတိုင်း တပ်မတော်နှင့် ပြည်သူ စည်းလုံးညီညွတ်မှုသာ ခိုင်မာ သည့် စည်းလုံးညီညွတ်မှုအင်အားကို ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံ ချစ်စိတ်၊ မျိုးချစ်စိတ် အခြေခံသည့် တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေး ကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်သွား ကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံး ညီညွတ်ရေး ခိုင်မာစေရန်အတွက် လက်အောက်စစ်သည်များနှင့် မိသားစုဝင် များအပေါ် မိသားစုသဖွယ်၊ ညီအစ်ကို မောင်နှမသဖွယ် ကာကွယ်စောင့်ရှောက် သွားရမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် ဆန့်ကျင်ဘက် လူပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသည်လူမှု ကွန်ရက်များကို အသုံးပြုပြီး တပ်မတော် သိက္ခာကျအောင် ထိုးနှက်တိုက်ခိုက်မှုများ နှင့်ပတ်သက်ပြီး မိသားစုဝင်များကို မှန်ကန် သည့်အသိ၊ အမြင်၊ ယုံကြည်ချက်၊ ခံယူချက် ဖြစ်ပေါ်စေရေးအတွက် မှန်ကန်သည့် ဦးဆောင်လမ်းညွှန်မှုများနှင့် တပ်တွင်း စည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ အပြင် တပ်တွင်းစည်းလုံး ညီညွတ်ရေး ခိုင်မာအောင် တည်ဆောက်နိုင်ရန်သာမ က တပ်ပြင်စည်းလုံးညီညွတ်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်ပြင်စည်းလုံးညီညွတ်ရေး ခိုင်မာ စေရန်အတွက် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့်အညီ နေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအပေါ် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ ပါကလည်း လူသားချင်းစာနာထောက်ထား မှုအပြည့်နှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးကြ ရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အလိုက် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင် သည့်ဘက်မှ ဆောင်ရွက်ပေးခြင်း၊ ပညာ ရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီ စောင့်ရှောက်ပေးခြင်းစသည့် လုပ်ငန်း များတွင်လည်း အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ သို့မှသာ တပ်မတော်နှင့် ပြည်သူ တစ်သား တည်းဖြစ်ပြီး တပ်ပြင်စည်းလုံးညီညွတ် ရေးသည်လည်း ခိုင်မာအားကောင်းလာ မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ် ရေးလုပ်ငန်းများတွင် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးသည် အရေးကြီးသည့် အခြေခံအချက် ဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတာဝန်ယူ ကွပ်ကဲရသည့် လက်အောက် ငယ်သားများအပေါ် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တရား မျှတစွာ ကွပ်ကဲအုပ်ချုပ်ပြီး ထူးချွန် ထက်မြက်သည့် ခေါင်းဆောင်ကောင်း များဖြစ်အောင် ကြိုးစားသွားကြရန်၊ တိုက်စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ဝင်များ ဖြစ်စေရန်အတွက် လေ့ကျင့်ရေးကို စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ ဆောင်ရွက် သွားကြရန်၊ နိုင်ငံတော်နှင့် ပြည်သူလူထု အတွက် ပေးအပ်လာသည့် တာဝန် ဟူသမျှကို မမိုတ်မသုန် ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြရန်။

ဒို့တာဝန်အရေးသုံးပါးကို အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဦးဆွေး ဆံမြည့် တတ်စွမ်းသရွေ့ ကာကွယ် စောင့်ရှောက်သွားကြရန်နှင့် နိုင်ငံတော် နှင့် တပ်မတော်က အားကိုးအားထားပြု ရမည့် အနာဂတ်၏ ခေါင်းဆောင်ကောင်း များဖြစ်အောင် ကြိုးစားဆောင်ရွက် သွားကြပါရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်း ကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေ စည်သူ စိုးဝင်းသည် ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

**လက်တွေ့လေ့ကျင့်သင်ကြားပေးရန်လို**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အမှာစကား ပြောကြားရာတွင် ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းကြီးများနှင့် လေ့ကျင့်ရေးအထောက်အကူပြု လက်ရုံးဝန်ထမ်းတပ်များ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိကတာဝန်သည် လေ့ကျင့်သင်ကြားပေးရန် ဖြစ်သည့်အတွက် လေ့ကျင့်သင်ကြားရေးနှင့် ပတ်သက်၍ ပီပီပြင်ပြင် လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ထို့သို့ စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင် နည်းပြများအနေဖြင့် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသလို၊ တတ်မြောက်သလို၊ ကျွမ်းကျင်သလို သင်တန်းသားများကိုလည်း တတ်သိကျွမ်းကျင်အောင် အိတ်သွန်ဖာမှောက် သင်ကြားပေးရန်လိုကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသား တပည့်များကို ဆရာဂုဏ် ပြည့်ဝစွာဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း။

ထို့အပြင် တပ်မြို့တွင် နေထိုင်သော အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များအနေဖြင့် မိမိတို့တပ်၊ ကျောင်းများကိုသာမက မြို့နေလူထု၏ လုံခြုံရေးနှင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး အတွက်လည်း လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို မျက်ခြည်မပြတ် စောင့်ကြည့်၍ လုံခြုံရေးအသိ၊ လုံခြုံရေး သတိရှိရန်လိုကြောင်း၊ တပ်မတော်သားများ တာဝန်ကိုကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးရာ၊ မွမ်းမံလေ့ကျင့်ပေးရာ သင်တန်းကျောင်းကြီးများရှိရာ မြို့ဖြစ်၍ တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူစွာဖြင့် မိမိအား ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

**တိုက်ခိုက်ချေမှုန်းနှိမ်နင်းလျက်ရှိ**

NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များအနေဖြင့် နိုင်ငံရေးဖြစ်စဉ် ကမောက်ကမဖြစ်မှုများကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့် လူငယ်၊ လူရွယ်များ၊ DCS နိုင်ငံ့ဝန်ထမ်းအချို့တို့အား လူသားချင်း စာနာထောက်ထားမှု အကြောင်းအရာ ခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများ ရယူကာ အကြမ်းဖက်သင်တန်းများ သင်ကြားပို့ချ၍ လက်နက်များ တပ်ဆင်ပေးကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စေရန်မြှောက်ပင့်ပေးမှု၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်အဖွဲ့များ ဒေသအလိုက် အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက် လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့်အတူတကွ ပူးပေါင်း၍ တရားဥပဒေနှင့်အညီ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျား ကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်ခိုက်ချေမှုန်း နှိမ်နင်းလျက်ရှိပြီး အောင်မြင်မှုများစွာရရှိခဲ့ကြောင်း၊ ထိုသို့ အောင်မြင်မှုရရှိခြင်းသည် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ စွမ်းရည်များကြောင့်ပင် ဖြစ်ကြောင်း၊ ထိုသို့ တစ်ဦးချင်း၏ စွမ်းရည်များရရှိလာအောင် လေ့ကျင့်ရေးသင်တန်းကျောင်းကြီးများကပင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်၍ ရှေ့ဆက်၍လည်း နည်းပြများအနေဖြင့် သင်တန်းသားများကို ယခုထက်ပို၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားကြရန်လိုကြောင်း။

**ဦးတည်ချက်များ ချမှတ်ဆောင်ရွက်**

နိုင်ငံရေးဖြစ်စဉ်နှင့်ပတ်သက်၍ NLD အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်း ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို လိုက်လံမေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် ဆေးရုံရှိ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ တီဘီရောဂါရှာဖွေရေးဌာန၊ သွားနှင့်ခံတွင်းဌာနနှင့် ဆေးသိုလှောင်ခန်းများရှိ ရောဂါရှာဖွေရေးကိရိယာများ၊ ဆေးဝါးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အဆိုပါ ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများကို ပေးအပ်ရာ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဗထူး)သို့ သွားရောက်၍ ၂၀၂၆ ခုနှစ်၊ မတ်လတွင်ကျင်းပတော့မည့် Grade-12 စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား အနီးကပ် သင်ကြားပေးနေမှုများ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းတာဝန်ခံနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံစဉ် တာဝန်ရှိသူများက ယခုနှစ် Grade-12 ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက် လေ့ကျင့်သင်ကြားနေမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က ယခုနှစ် ဖြေဆိုကြမည့် Grade-12 စာမေးပွဲနှင့်ပတ်သက်၍ ယမန်နှစ် Grade-12 စာမေးပွဲအောင်ချက် ရာခိုင်နှုန်းနှင့် အဆင့်ထက် မလျော့ကျသွားအောင် ယခုနှစ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်စွာ အောင်မြင်စေရန်နှင့်အောင်ချက်ရာခိုင်နှုန်း ဆက်လက်မြင့်မားစေရေး ရည်မှန်းချက်ထား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ တန်းစဉ်ကူးပြောင်းမှုနှင့် ပတ်သက်၍ အတန်းအလိုက် နှစ်စဉ် အပြည့်အဝ တန်းစဉ်ကူးပြောင်းနိုင်ရေး တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် မိဘများက အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မကြာမီအချိန်အတွင်း Grade-12 စာမေးပွဲဖြေဆိုကြရတော့မည် ဖြစ်သည့်အတွက် ကျန်ရှိသည့် အချိန်အတွင်း စာကျက်ချိန်မြှင့်တင်နိုင်ရေး Camp သွင်း၍ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများကို စာပေပညာ သင်ကြားပေးရာတွင် တန်းစဉ်အလိုက် စာကျေအောင်၊ စာတတ်အောင် လေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ၊ တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အဖွဲ့ဝင်များသည် အဆိုပါကျောင်းအတွင်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး၏ အဖျားခတ်မှုကြောင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ပေ ၁၇၀ ခန့် ပြိုကျပျက်စီးမှု၊ စာသင်ဆောင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅** တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၉) သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ နည်းပြများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့် ပါတီအား နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့ကြကြောင်း၊ ယင်းအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်နေသည့်ကာလဖြစ်ပြီး သစ္စာမဲ့သည့် နိုင်ငံ့ဝန်ထမ်းအချို့၏ လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရာဂီမုန်တိုင်းတိုက်ခတ်မှု၏ နောက်ဆက်တွဲအဖြစ် နှစ်ပေါင်း ၁၀၀ အတွင်း မကြုံဖူးသော ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်းနှင့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းများနှင့် အခြားစိန်ခေါ်မှုကြီးများကိုလည်း အခက်အခဲများကြားမှ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့် နောက်ပိုင်းတွင် အကြမ်းဖက်မှုများ တဖြည်းဖြည်း လျော့ပါးသွားခဲ့ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများမှန်ကန်စွာ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း (၃) ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တက်ကြွစွာဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် စနစ်တကျမဲပေးခြင်းများကို မိတ်ဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှ ရွေးကောက်ပွဲလာရောက်လေ့လာ စောင့်ကြည့်သူများ၊ ပြည်တွင်း/ပြည်ပ မီဒီယာများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်သဖြင့် မကြာမီ လာမည့်မတ်လတွင် လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဧပြီလဆန်းပိုင်းတွင် သမ္မတရွေးချယ်တင်မြှောက်၍ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန်ကို ပြန်လည်လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသည့် နည်းပြများအနေဖြင့်လည်း စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း။

ဗထူးတပ်မြို့သည် လေ့ကျင့်ရေးကျောင်းကြီးများရှိသကဲ့သို့ ခြေလျင်/ခြေမြန်တပ်ရင်းများ၊ လက်ရုံးတပ်ဖွဲ့များလည်းရှိကြရာ တပ်ရင်း/တပ်ဖွဲ့နှင့် မိသားစုများအတွက် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကိုလည်း နိစ္စဓူဝသမားစဉ်လုပ်ငန်းများနှင့်အတူ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကိုတစ်ဖက်မှာလည်း ကိုယ်တိုင်၊ သင်တန်းသားများပါ လေ့ကျင့်ပေးသကဲ့သို့ တပ်နယ်အတွင်းရှိ သန္ဓေအရာရှိ စစ်သည်များနှင့် မိသားစုများကို တိုက်ပွဲဝင်စိတ်ဓာတ်များ၊စစ်မှုအတတ်ပညာများ သိရှိလိုက်နာနိုင်ရေးကိုလည်း လေ့ကျင့်ပေးနေရမည် ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင်သုံးရပ် ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန်လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစားဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

*စာမျက်နှာ ၈ မှ*

ဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

**တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

မကြာမီ မတ်လတွင် ကျင်းပတော့မည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်များမှ ကျောင်းသားကျောင်းသူများ ထူးချွန်စွာ အောင်မြင်စေရေး တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် မိဘများအနေဖြင့်လည်း မိမိ၏သားသမီးများအား ပညာအမွေပေးနိုင်ရန်၊ တန်းစဉ်ကူးပြောင်းမှုတွင် အတန်းပညာပြီးဆုံးသည်အထိ ပါဝင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။ အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)သို့ သွားရောက်၍ ဥစားကြက် (Novogen Brown) မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများအား လည်းကောင်း၊ လယ်မြေသစ်များဖော်ထုတ်၍ ၎င်းလယ်မြေများတွင် နေကြာသီးညှပ် ရှစ်ဧက၊ ကုလားပဲ ရှစ်ဧက၊ ပဲပုပ် ၁၄ ဧကနှင့် အာလူး တစ်ဧက စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၇ ခု ခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကို လည်းကောင်း၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ခြင်းကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ ခု တို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၄၄ သန်းနှင့် ငွေကျပ် ၅၅၇၉၀၇ ဒသမ ဝ၆၉ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၄၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများထုတ်လုပ်ခြင်း လုပ်ငန်းများအပြင် အိမ်ရာအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းတို့လည်း ပါဝင်သည်။



၂၀၂၆ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အခွန်ဆိုင်ရာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူး၍ အခွန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာထမ်းများအတွက် အခွန်ဆိုင်ရာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်သွင်ဦး၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူ အရာထမ်းများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် အခွန်စနစ်ကို ပိုမိုကောင်းမွန်အောင် ခေတ်မီနည်းပညာများနှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိကြကြောင်း၊ အခွန်နှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဆက်စပ်နေသည့် အခြားအစိုးရဌာနများမှ ဝန်ထမ်းများ၏ အခွန်ဆိုင်ရာသိမြင်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်သဖြင့် ယခုကဲ့သို့ သင်တန်းကို သီးသန့်စီစဉ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ဌာနအသီးသီးတွင် လုပ်ငန်းများ ဆောင်ရွက်ကြသည့်အခါ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ ကောက်ခံရာတွင် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရှင်းလင်းသည့် အခွန်ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးနိုင်ရန်၊ နိုင်ငံသားတိုင်း အခွန်ဆိုင်ရာအခွင့်အရေးနှင့် တာဝန်များကို သိရှိနားလည်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ စုစုပေါင်း အရာထမ်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ AHA Centre အမှုဆောင်ဒါရိုက်တာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) အမှုဆောင်ဒါရိုက်တာ မစ္စတာလီယန်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မစ္စတာလီယန်မင်းက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအစိုးရ၏ ပံ့ပိုးမှုနှင့်ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး AHA Centre က ရှေ့ဆက်ဆောင်ရွက်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကာလအတွင်း အကူအညီပေးအပ်ခဲ့မှု အပါအဝင် AHA Centre ၏ ကြိုးပမ်းဆောင်ရွက်ချက်များအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အမှန်တကယ်အကူအညီလိုအပ်နေသည့် မြန်မာပြည်သူများထံ အကူအညီများ ထိရောက်လျင်မြန်စွာရောက်ရှိရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရာတွင် မြန်မာနိုင်ငံ၏ ဦးစားပေးလိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးမှု၊ မြန်မာအစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီများကို အမှန်တကယ်လိုအပ်သူများထံသို့ ပို့ဆောင်ရာတွင် AHA Centre ၏ ဆောင်ရွက်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့မှုများကို ပြောကြားကာ မြန်မာနိုင်ငံအတွင်း AHA Centre ၏ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံတမန်သင်တန်းကျောင်း အဆောက်အအုံတည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံတမန် သင်တန်းကျောင်း အဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပရိဝုဏ်၌ ကျင်းပသည်။




အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် Mother Development Co.,Ltd. မှ တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တိုင်များ စိုက်ထူပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။



အဆိုပါ မြန်မာသံတမန်သင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို အရည်အသွေးပြည့်ဝသော မျိုးဆက်သစ်သံတမန်များအဖြစ် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဖြစ်ကာ အစိုးရအဖွဲ့အစည်း အသီးသီးနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပါအဝင် နိုင်ငံတကာရေးရာနှင့် သံတမန်ရေးရာကဏ္ဍများကို စိတ်ပါဝင်စားသူများအား အသိပညာ မျှဝေခြင်းတို့အတွက် သင်တန်းများနှင့် လေ့ကျင့်ရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


# ဒုတိယဝန်ကြီး ဦးမျိုးမြင့် တပ်ကုန်း-ရမည်းသင်းလမ်းပိုင်းနှင့် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း ပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့တွင် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း)၏တပ်ကုန်း-ရမည်းသင်းလမ်းပိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေနှင့် မိတ္ထီလာ - တောင်ကြီး -ကျိုင်းတုံ- တာချီလိတ်လမ်း (မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မိတ္ထီလာ - တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း) ကွဲတပ်ဆုံရှိ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီ၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ်က ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**အချိန်မီပြီးစီးအောင် ဆောင်ရွက်**

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက မိတ္ထီလာ - တောင်ကြီး-ကျိုင်းတုံ -တာချီလိတ်လမ်းအပိုင်းသည် ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးတွင် အရေးပါသော လမ်းတစ်လမ်းဖြစ်၍ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေး အရေးကြီးပါကြောင်း၊ ပြည်သူများခရီးသွားလာရာတွင် လုံခြုံချောမွေ့စွာနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းညွှန်အမှတ်အသားများကို သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ထားရှိရန်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကိုလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။



ထို့နောက် (မိတ္ထီလာ-တောင်ကြီး လမ်းပိုင်း) မိုင်တိုင် ၅၂/၆ မှ ၅၂/၇ ကြား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မိုင်တိုင် ၆၅/၂ မှ ၆၅/၃ ကြား ရာဂီမုန်တိုင်းဒဏ်ကြောင့် လမ်းတာပေါင်ပဲ့ကျသည့်အပိုင်းတွင် Geogrids နှင့် Terra-mesm System အသုံးပြု၍ Soil Reinforcement Retaining wall တည်ဆောက်ပြီးစီးမှု အခြေအနေ၊ တောင်မြေပြိုကျသည့်အပိုင်းအတွင်း Gabion box ဖြင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင် ၁၀၀/၅ မှ ၁၀၀/၆ ကြား (တောင်လေးလုံး Toll Gate)တွင် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီ၏ Software Camera (Auto Num-ber Plate Recognition ANPR) စနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံနေမှု၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေကို ထိန်းချုပ် စောင့်ကြည့်ဆောင်ရွက်နေသည့်အခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Software ဖြင့် တိုးလ်ဂိတ်တွင် ဖြတ်သန်းသွားလာနေသည့် ယာဉ်အမျိုးအစား၊ ယာဉ်အစီးအရေအတွက်အား အလိုအလျောက်ဒေတာထည့်သွင်းနိုင်သည့်စနစ်၊ ဖြတ်သန်းသွားသည့် ယာဉ်များ၏ သတ်မှတ်တန်ချိန်အား မပိုစေရန်ထိန်းချုပ်နိုင်သည့်စနစ်၊ Software System မီးမပြတ်တောက်စေရေးအတွက် Solar System ဖြင့် မီးပေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား တိုးလ်ဂိတ်ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအလေးထား ဆောင်ရွက်ရန်နှင့် လမ်းအသုံးပြုခကောက်ခံနှုန်းထားများကို မြင်သာသောနေရာများတွင် စိုက်ထူထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ ဆုရရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ခရိုင်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို ဖော်ညွှန်းပြသထားသည့် **"တူညီအိပ်မက် လက်ချင်းယှက် အောင်ပွဲဆက်မည် IPRD"** Video Clip ကို ပြသသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသည့် မကွေးတိုင်းဒေသကြီးရုံးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မိမိတို့ဝန်ကြီးဌာန၏ အရေးပါသည့် ဌာနကြီးတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာရပ်တည် လျှောက်လှမ်းခဲ့သည်မှာ (၃၅)နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ခြင်းမှာ ဦးဆောင်သူများနှင့် တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ တက်ညီလက်ညီဖြင့် စည်းလုံးညီညွတ်မှုကြောင့် ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးပေါင်း ၄၃၅ ရုံးဖြင့် ကြီးမားသည့်ကွန်ရက်ကြီးတစ်ခုသဖွယ် ဖွဲ့စည်းဆောင်ရွက်နေသည့် ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်သုံးရပ်ကို ခေတ်မီသစ်လွင်သည့် အစီအစဉ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို ၂၀၂၅ ခုနှစ်အတွင်း ကြုံတွေ့လာရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး ထူးခြားသည့် စွမ်းဆောင်နိုင်မှုများ ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုများထဲမှ ဂုဏ်ယူစရာအကောင်းဆုံးမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် အရေးပါသည့်အခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

နောင်အနာဂတ်တွင် ကြုံတွေ့လာရမည့် အခက်အခဲများကိုလည်း စိန်ခေါ်မှုအဖြစ် ရင်ဆိုင်ကျော်လွှားပြီး ဝန်ကြီးဌာနနှင့် မိမိတို့ဦးစီးဌာနကို ပြည်သူများ၏ ယုံကြည်မှု၊ အားကိုးမှု၊ အသိအမှတ်ပြုမှုများ ရရှိအောင် ဝန်ထမ်းအားလုံးက စည်းစည်းလုံးလုံးဖြင့် ဆက်လက်ကြိုးစားထမ်းဆောင်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမဆုရရှိသည့် တောင်ကြီးခရိုင်ရုံး၊ ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်ရုံးနှင့် တတိယဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး၊ မြဝတီမြို့တွင် Online လိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များ၊ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်အပ်နှံရေး လုပ်ငန်းစဉ်များတွင် အချိန်မီသတင်းထုတ်ပြန်ရေးလုပ်ငန်းများကို မဆုတ်မနစ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် တာဝန်ကျေပွန်ဆုနှင့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဌာနလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ချိန်တွင် ဌာနလုပ်ငန်းများ၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ နေထိုင်ရေးလုပ်ငန်းများအား စေတနာပြည့်ဝစွာ အပင်ပန်းခံ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ဝန်ကြီးဌာန၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်ပြီး ဌာန၏ လုပ်ငန်းများ ပိုမိုပေါ်လွင်အောင် ထူးခြားဆန်းသစ်တီထွင်ဆောင်ရွက်နိုင်မှုဆု၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အသိပညာပေးလှုပ်ရှားမှု အကောင်းဆုံး ဆောင်ရွက်နိုင်မှုဆုရရှိကြသည့် မကွေးတိုင်းဒေသကြီးရုံး၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရှမ်းပြည်နယ်ရုံး၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ မန္တလေးတိုင်းဒေသကြီးရုံးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆု ရရှိသည့် မကွေးတိုင်းဒေသကြီးရုံးတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား မကွေးတိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **သတင်းစဉ်**

# ရေရှည်တည်တံ့သော ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးအတွက် စွန့်ဦးတီထွင်လုပ်ငန်းများဖွံ့ဖြိုးရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးပင်မစီမံချက် (ASEAN Rural Development Master Plan) နှင့် မူဘောင်လုပ်ငန်းစီမံချက် (ASEAN RDPE Framework) ပါ လုပ်ငန်းတစ်ရပ်ဖြစ်သော ကျေးလက် အသက်မွေးဝမ်းကျောင်းများ ဖွံ့ဖြိုးရေးရည်ရွယ်၍ ရေရှည်တည်တံ့သောကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးအတွက် စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ KMA Naypyitaw ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသများ၌ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံ သာမက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးနေစေရန် အထူး အရေးကြီးလှကြောင်း၊ ယနေ့ကမ္ဘာ့နိုင်ငံများတွင် စွန့်ဦးတီထွင်မှုသည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ပုံစံတည်း (One size fits all) ချဉ်းကပ်မှုမျိုးကို ရှောင်ကြဉ်ကာ ဒေသအခြေအနေနှင့် သဘာဝအရင်းအမြစ်များအပေါ်မူတည်၍ ပြောင်းလဲချိန်ညှိဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုအလုပ်ရုံ ဆွေးနွေးပွဲကို အဖွဲ့အစည်းများ၏ အတွေ့အကြုံများ ပွင့်လင်းစွာ မျှဝေရန်၊ နည်းလမ်းကောင်းများကို စုစည်းမှတ်တမ်းတင်ရန်နှင့် မိမိတို့နိုင်ငံ၏ အတွေ့အကြုံကောင်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ မျှဝေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ရရှိလာမည့် အကြံပြုချက်များသည် ကျေးလက်နေပြည်သူများ၏ ဘဝကိုပြောင်းလဲပေးနိုင်မည့် မောင်းနှင်အား တစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ActionAid မှ Country Director က Strengthening Rural Entrepreneurship for Sustainable Livelihoods ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး ဌာနဆိုင်ရာများ၊ UN ၊ INGOs ၊ NGOs အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက **"အမျိုးသမီးများ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ သက်မွေးနည်းပညာနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးအရင်းအနှီးနှင့် စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး"** ဆိုင်ရာများကို အုပ်စုများခွဲကာ ဆွေးနွေးကြသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သုံးသပ်ဆွေးနွေး အကြံပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း ဖြစ်ပေါ်နိုင်**

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သမားကောင်းတို့၏ ကျင့်ဝတ်

*နေနေနိုင်ရည်၊ မိုးမိုးသန်း၊ ခိုင်သရဖီမိုး၊ အေးသန္တာအောင်(တိုင်းရင်းဆေးပညာဦးစီးဌာန)*

တပေါင်းလပြည့်နေ့တွင် ကျရောက်မည့် “မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့”ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ကျေးဇူးကို အောက်မေ့သတိရကာ “သမားကောင်းတို့၏ ကျင့်ဝတ်”ဆောင်းပါးဖြင့် ရှိခိုးဦးခိုက်ကန်တော့အပ်ပါသည်။

တိုင်းရင်းဆေးပညာသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံခေတ် စသည့် မြန်မာဘုရင်များလက်ထက်ကတည်းက တော်ဝင်ဆေးပညာတစ်ရပ်အဖြစ် တည်ရှိခဲ့ပြီး တိုင်းရင်းဆေးသမားတော်များ၊ မှူးမတ်ပညာရှိများ၊ ကျမ်းပြုသုတေသီများနှင့် ရဟန်းပညာရှင်များ၏ မှတ်တမ်းတင်ပြုစုပျိုးထောင်ခဲ့သည့် ကျေးဇူးများကြောင့် တိုင်းရင်းဆေးပညာ အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းလာပုံကို သမိုင်းအထောက်အထားများဖြင့် တွေ့ခွင့်မြင်ခွင့်ရခဲ့ခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ဆေးပညာကို လက်ဆင့်ကမ်းသယ်ဆောင်လာသည့် ကျေးဇူးကြီးမားသော ရှေးဆေးပညာရှင် တိုင်းရင်းဆေးသမားတော်များ၏ ဂုဏ်ကျေးဇူးများကို အောက်မေ့၊ တမ်းတ၊ သတိရကာ တပေါင်းလပြည့်နေ့ကို သမားတော်နေ့အဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းဆေးဆရာများက ကုသိုလ်ကောင်းမှုများပြုလုပ်၍ အမှူအတန်းပေးဝေခြင်း၊ သက်တော်ရှည် သက်ကြီးဝါကြီး တိုင်းရင်းဆေးသမားတော်ကြီးများကို ရှိခိုးကန်တော့ခြင်းနှင့် သမားတော်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

“သမား”ဟူသည့် စကားသည် လိမ္မာကျွမ်းကျင်တတ်မြောက်ခြင်းဆိုသော စကားရပ်ဖြစ်ပြီး အသိပညာရှင်ဖြစ်စေ၊ အတတ်ပညာရှင်ဖြစ်စေ ကိုယ့်အားဖြင့် စိုက်ထုတ်လုပ်ကိုင်နိုင်သော စွမ်းရည်ရှိသောသူကိုပင် တတ်သိလိမ္မာနှင့်တွဲ၍ သမားဟုခေါ်သည်။ ဤကဲ့သို့ပင် ဆေးသမားသည်လည်း မိမိတတ်အပ်သော ဆေးပညာဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို အားသွန်ခွန်စိုက် ပြုစုစောင့်ရှောက်ကုသပေးသည့်အတွက် ဆေးပညာရှင်(သို့) ဆေးဆရာ(သို့) ဆေးသမားဟုခေါ်တွင်ကာ လူတို့၏အသက်ကို ကယ်တင်ရှင် (သို့မဟုတ်) အသက်အပ်ထိုက်သော ဆရာတစ်ဆူအဖြစ် လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း၊လူ့ဘောင်လောကရှိ လူသားများ ကျန်းမာသက်ရှည်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် တည်ရှိပါသည်။ ဆေးပညာရှင်(တစ်နည်း) ဆေးဆရာ(တစ်နည်း) ဆေးသမားတို့သည် မိမိတို့ဆေးပညာရပ်များအဆင့်ဆင့် မြင့်သည်ထက်မြင့်အောင် ဆေးပညာရပ်ဆိုင်ရာ စာပေကျမ်းဂန်များကို စာတွေ့၊ လက်တွေ့ လေ့လာသင်ယူကာ ကျွမ်းကျင်စွာ တတ်မြောက်ကြရမည်ဖြစ်ပါသည်။

ဤကဲ့သို့ ကျွမ်းကျင်သည့် သမားတစ်ယောက်ဖြစ်ရန်အတွက် ရာဇနီတိကျမ်းလာ “ရှေးထုံးအစဉ်လာသမားအင်္ဂါငါးရပ်” နှင့်အညီ ပြည့်စုံစွာဆောင်ရွက်နိုင်မှသာ ဆေးဆရာ(သို့) ဆေးသမားဟု မည်ထိုက်မှာ ဖြစ်ပါသည်။

သမားအင်္ဂါ ငါးရပ်မှာ –

**“သက်ကြည့်ဗေဒင်၊ တတ်မြော်မြင်လျက်**
**ဆင်ခြင်ထောက်ရှု၊ ဆေးကုလိမ္မာ**
**ဆေးစာများမြောင်၊ ကျမ်းစောင်စောင်ကို**
**တတ်ခေါင်တွင်ကျယ်၊ ချစ်ဖွယ်ရှိခြင်း**
**သတင်းဖြူစဉ်၊ ကျင့်စုံလင်အံ့**
**ဤအင်္ဂါငါး ၊ မယွင်းပါးသည်**
**သမားပဏ္ဍိ၊ ကဝိနက်စံ**
**ဂုဏ်လောကင်ကို ပသံသိတ ထိုက်တန်လှ”**

ဟု ဖော်ပြထားပါသည်။

ဤအလင်္ကာသည် သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် ဝန်စာရေးကြီးဦးကောင်းရေးသားခဲ့သော နရင်းတွဲကျမ်းစာတွင်လည်း ဖော်ပြထားပြီး ရှေးနှစ်ပေါင်းများစွာကပင် ဤသမား အင်္ဂါငါးရပ်နှင့်အညီ ဆေးဆရာများ စနစ်တကျ သင်ယူခဲ့ကြရပါသည်။ **“သက်ကြည့်ဗေဒင်တတ်မြော်မြင်လျက်”** ဟူသောအဓိပ္ပာယ်မှာ အသက်ကယ်တင်ရှင်ဟု ချီးမွမ်းအပ်၊ မြတ်နိုးအပ်၊ ဆည်းကပ်အပ်၊ ကိုးကွယ်အပ်သော ဆရာတစ်ယောက်ဖြစ်မြောက်လိုသောသူသည် အသက်နှင့်သက်ဆိုင်သော အသိပညာဆေးကျမ်းပေါင်းများစွာတို့ကို စာတွေ့၊ လက်တွေ့အရ သင်ကြားတတ်မြောက်ထားသူဖြစ်ရမည်။

**“ဆင်ခြင်ထောက်ရှု ဆေးကုလိမ္မာ”**ဟူသည် ဆေးပညာရပ်များစွာကို စာတွေ့လက်တွေ့တို့၌ နည်းပရိယာယ်အသွယ်သွယ်နှင့်တကွ လိမ္မာကျွမ်းကျင်စွာ တတ်မြောက်ထားသူဖြစ်ရမည်ဟု ဆိုပါသည်။ ဤစကားနှစ်ရပ်သည် ဆေးကျမ်းအရပ်ရပ်တို့ကို ဆရာတစ်ယောက်နည်းတူ စာတွေ့လက်တွေ့ နှစ်ရှည်သင်ယူထားသူ ဖြစ်ရပါမည်။ ဤကဲ့သို့ စာတွေ့၊ လက်တွေ့ ပြည့်စုံမှသာ အတောင်နှစ်ဖက်ရှိသော ငှက်ကဲ့သို့ မိမိတို့၏ လိုရာဆေးပညာခရီးကို ရောက်အောင် ကူးမြောက်နိုင်သောသူဖြစ်မည်ဟု “မောင်းထောင်သာသနာပိုင် ပြန်ဆိုထားသော သာရကောမုဒီဆေးကျမ်း”တွင်လည်းကောင်း၊ “အရှင်နာဂသိန် ထပ်မံပြင်ဆင်ပြီး ရေးသားထားသော သာရကောမုဒီဆေးကျမ်း”တို့တွင်လည်းကောင်း ဖော်ပြထားပါသည်။

**“ဆေးစာများမြောင် ကျမ်းစောင်စောင်ကို တတ်ခေါင်တွင်ကျယ်”** ဟူသောစကားရပ်အရ စာတွေ့၊ လက်တွေ့နှစ်ရပ်ဖြင့် ဆေးကျမ်းအရပ်ရပ်ကို တတ်မြောက်အောင် နှစ်ပေါင်းများစွာ သင်ကြားပြီးနောက် ဆေးပညာလည်း တတ်ကျွမ်းကုသမှုအတွေ့အကြုံများစွာရှိပြီး ဆေးပညာအရပ်ရပ်ကို ရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုလေ့လာသုံးသပ်တီထွင်နိုင်သော စွမ်းရည်ရှိသူကို သမားတော်တစ်ယောက်ဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။

**“ချစ်ဖွယ်ရှိခြင်း သီတင်းဖြူစင် ကျင့်စုံလင်အံ့”**သည် ဆေးသမားတစ်ယောက်ပင်ဖြစ်စေ၊ သမားတော်တစ်ယောက်ပင်ဖြစ်စေ၊ ဝေဒနာရှင်အားကိုးလောက်သည့် ဆေးပညာကျွမ်းကျင်မှု၊ လေးစားလောက်သောဝတ်စားဆင်ယင်မှု၊ နှစ်လိုဖွယ် ကိုယ်အမူအရာ နှုတ်အမူအရာနှင့် သမားလုပ်မည့်သူတိုင်း လိုက်နာရမည့် ဂုဏ်ရည်ပေါင်းများစွာဖြင့် ဆောင်ရွက်နိုင်မှသာ ရဟန်းရှင်လူတို့၏ နှလုံးကို ချမ်းမြေ့စေကာ လေးစားကြည်ညိုလာပြီး အသက်ကိုအပ်ချင်သော အသက်အပ်ထိုက်သူ ဆရာတစ်ဆူဖြစ်မည်မှာ အမှန်ပင်ဖြစ်သည်ဟု သမားအင်္ဂါငါးရပ်တွင် ဖွင့်ဆိုထားပါသည်။ ထို့အပြင် သမား(သို့မဟုတ်) တိုင်းရင်းဆေးဆရာအဖြစ် ခံယူသူများအနေဖြင့်လည်း သမားတို့လိုက်နာရမည့် နဝရတ်ကတိသစ္စာကို လိုက်နာစောင့်ထိန်းရပါသည်။ ဆေးသမားတို့ လိုက်နာစောင့်ထိန်းရမည့် နဝရတ်ကတိသစ္စာများမှာ –

ဆရာဇီဝကအမှူးပြုသော ကျေးဇူးရှင်ဆရာသမားကြီးများ၏ ပညာနှင့် ဂုဏ်သိက္ခာတို့ကို ဦးထိပ်ပန်လျက် ဤကတိသစ္စာကို ရွတ်ဆိုပါအံ့။

၁။ အကျွန်ုပ်သည် အသက်တည်သရွေ့ လူသားတို့ ကောင်းကျိုးအတွက်သာ ဤဆေးပညာကို အသုံးပြုမည်ဟု တည်ကြည်စွာ ကတိသစ္စာပြုပါ၏။

၂။ အကျွန်ုပ်အား ပညာပေးသည့် လေးစားအပ်သော ဆရာသမားများအား အကျွန်ုပ်က ထိုက်ထိုက်တန်တန်ပြုအပ်သော ဂါရဝတရားတို့ကို အစဉ်မပျက်ပြုပါအံ့။

၃။ အကျွန်ုပ်သည် အသိတရားအစဉ်ထားလျက် မိမိတတ်အပ်သော ပညာကို မှန်ကန်စွာကျင့်သုံး၍ သမားဂုဏ်သိက္ခာကို ထိန်းသိမ်းပါအံ့။

၄။ အကျွန်ုပ်ထံ ရောက်လာကုန်သော ဂိလာနများ၏ နာမကျန်းမှုကို ပျောက်ကင်းချမ်းသာအောင် ပြုစုကုသရန် အကျွန်ုပ်၏ အဓိကတာဝန်ဟု ခံယူပါအံ့။

၅။ အကျွန်ုပ်အား ဂိလာနတို့က ထုတ်ဖော်ပြောဆိုခဲ့သော ကိုယ်ရေးလျှို့ဝှက်ချက်များကို အစဉ်စည်းစောင့်ထိန်းသိမ်းပါအံ့။

၆။ အကျွန်ုပ်သည် သမားကောင်းတို့ ကျင့်သုံးအပ်၊ ထိန်းသိမ်းအပ်သော မွန်မြတ်သည့် ကျင့်ဝတ်သိက္ခာနှင့် အစဉ်အလာတို့ကို အစဉ်ထိန်းသိမ်းပါအံ့။

၇။ အကျွန်ုပ်သည် ဘဝတူဆေးပညာသည်များကို ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ လေးစားစွာ ဆက်ဆံမှုကို အစဉ်ပြုပါအံ့။

၈။ အကျွန်ုပ်သည် တာဝန်နှင့် လူနာတို့ကြားတွင် လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ ကွာခြားချက်များကြောင့် ခွဲခြားဟန့်တားမှု မရှိစေရန် ထိန်းသိမ်းပါအံ့။

၉။ အကျွန်ုပ်သည် လူသားတို့၏အသက်တန်ဖိုးကို သန္ဓေသားအရွယ်မှ အိုမင်းရင့်ရော်သည်အထိ လေးစားစွာ ကယ်တင်စောင့်ရှောက်ကာကွယ် ထိန်းသိမ်းပါအံ့။

ဤကတိသစ္စာကို လေးစားစွာ လိုက်နာကျင့်သုံးသည်နှင့်အမျှ အကျွန်ုပ်သည် လူသားအပေါင်းအား ကာယစိတ္တချမ်းသာမှုအပေါင်းကို စွမ်းဆောင်နိုင်သော သမားတစ်ဦး ဖြစ်ရပါစေသားဟူသော နဝရတ်ကတိသစ္စာတို့ကို မိမိ၏ခါးဝတ်ပုဆိုးကဲ့သို့မြဲမြံ စွာစောင့်ထိန်းရပါသည်။

ဆေးဆရာတစ်ယောက်သည် ဤကဲ့သို့ မိမိတို့လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာပြီး ဆေးကျမ်းပေါင်းများစွာမှ ဆေးပညာရပ်ဆိုင်ရာ စာပေကျမ်းဂန်များ၊ ရောဂါဆိုင်ရာ ကုထုံးနည်းစနစ်များကို စာတွေ့၊ လက်တွေ့ ကျွမ်းကျင်တတ်မြောက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စနစ်တကျ စောင့်ရှောက်ပေးခြင်းသည် သမားကောင်းတစ်ယောက်၏ တာဝန်ပင်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ရှေးနှစ်ပေါင်းများစွာကပင် အထောက်အထားခိုင်မာစွာ တည်ရှိပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စနစ်တကျ စောင့်ရှောက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ခေတ်အဆက်ဆက် ပြည်သူလူထုကျန်းမာရေးကို စောင့်ရှောက်ပေးနေသော တိုင်းရင်းဆေးဆရာများအား အရည်အချင်းစစ်စာမေးပွဲများ စနစ်တကျကျင်းပပြုလုပ်ပြီး တိုင်းရင်းဆေးသုံးဘာသာ၊ တိုင်းရင်းဆေးလေးဘာသာ စာမေးပွဲအောင်မြင်သူများကို တိုင်းရင်းဆေးဆရာအဖြစ် အသိအမှတ်ပြု၍ ဆေးကုသခွင့်ပြုခဲ့ပါသည်။

ထို့နောက် ၁၉၇၆ ခုနှစ်မှစတင်၍ တိုင်းရင်းဆေးသိပ္ပံကျောင်းကို ဖွင့်လှစ်ပြီး တိုင်းရင်းဆေးပညာဒီပလိုမာဘွဲ့အပ်နှင်းကာ တိုင်းရင်းဆေးဆရာလက်မှတ်(တဆ) ထုတ်ပေးခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် တိုင်းရင်းဆေးဆရာ

*စာမျက်နှာ ၁၃ သို့*

❖ ဆေးဆရာတစ်ယောက်သည် ဤကဲ့သို့ မိမိတို့လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာပြီး ဆေးကျမ်းပေါင်းများစွာမှ ဆေးပညာရပ်ဆိုင်ရာ စာပေကျမ်းဂန်များ၊ ရောဂါဆိုင်ရာ ကုထုံးနည်းစနစ်များကို စာတွေ့၊ လက်တွေ့ ကျွမ်းကျင်တတ်မြောက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စနစ်တကျ စောင့်ရှောက်ပေးခြင်းသည် သမားကောင်းတစ်ယောက်၏ တာဝန်ပင်ဖြစ်

❖ ကျွမ်းကျင်စွာတတ်မြောက်သည့် တိုင်းရင်းဆေးဆရာများ၏ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုမျိုးကို ရရှိသော ပြည်သူလူထုအနေဖြင့် ဘေးအန္တရာယ်ကင်းပြီး ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မိမိတိုင်းပြည် မိမိလူမျိုးအတွက် ပညာရေး၊ လူမှုရေး၊ ဘာသာ၊ သာသနာ စသည့် လုပ်ငန်းများတွင်လည်း များစွာအကျိုးပြုမှု ဆောင်ရွက်နိုင်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့် အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၃)အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်ခြင်းထက် ဥပဒေကိုပယ်ဖျက်ပြီး ဥပဒေအသစ်ရေးဆွဲ ပြဋ္ဌာန်းရန်နှင့် ဥပဒေတွင် မပါဝင်သေးသည့် ဒစ်ဂျစ်တယ်စီးပွားရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုနှင့် အစပျိုးစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ပါဝင်ထည့်သွင်းရေးဆွဲရန် ဥပဒေရေးရာ ဝန်ကြီးဌာန၏ အကြံပြုချက်အရ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကို အသစ်ရေးဆွဲရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဥပဒေ(မူကြမ်း)တွင် ပါဝင်သောအကြောင်းအရာများကို ပုဒ်မအလိုက် တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း)ကို နိုင်ငံတော်က ချမှတ်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများ၊ \နိုင်ငံသားကတ်ပြား ပျောက်ဆုံး / ပျက်စီး၊ မိတ္တူလျှောက်ထားသူများအား One Stop Service ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ရှိ စွယ်တော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ဘုရားပရိဝုဏ်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျုံမငေးမြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ ပျောက်ဆုံး၊ လဲလှယ်၊ မိတ္တူလျှောက်ထားသူများအား တစ်နေရာတည်းတွင် One Stop Service ဖြင့်ကွင်းဆင်းကာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် အဆိုပါရပ်ကွက်/ကျေးရွာများနှင့် မဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်သို့ လာရောက်ကြသည့် ဘုရားပွဲဈေးသည်များအနက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီး Unique ID နံပါတ်ဆောင်ရွက်ရခြင်း မရှိသေးသူများအား e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက် ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်း၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်ပါ ကတ်ပြားတို့ကို သက်ဆိုင်ရာ ကာယကံရှင်များထံ ပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်း



များအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြတ်စွယ်တော်ဈေးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနမဟာနာယက ဆရာတော် ဘဒ္ဒန္တပညာဇောတအား သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တံတားဦးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဟောပြော



**တံတားဦး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ခရိုင်ပညာရေးမှူးရုံးတို့ပူးပေါင်းပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် ခရိုင်ပညာရေးမှူး ဒေါက်တာသန္တာဆွေတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောက်ဆည်တက္ကသိုလ်မှ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာငြိမ်းငြိမ်းထွေး၊ ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာထက်နန္ဒာကျော်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာတင်လေးမွန်က ဇီဝဗေဒဘာသာရပ်တို့နှင့် ပတ်သက်ပြီး သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား ဟောပြောပို့ချကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းကြသည်။

တံတားဦးခရိုင် အနေဖြင့် စာစစ်ဌာန သုံးခုရှိပြီး အထက တံတားဦးစာစစ်ဌာန၊ အထက ချောင်းခွစာစစ်ဌာနနှင့် အထက ငါန်းဇွန် စာစစ်ဌာနတို့ဖြစ်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

*စာမျက်နှာ ၁၂ မှ*

တစ်နှစ်သင်တန်းဖွင့်လှစ်၍ အောင်လက်မှတ်အပ်နှင်းကာ တဆင့်ပေးအပ်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပြီး စာတွေ့၊ လက်တွေ့ လေးနှစ်နှင့် အလုပ်သင်ကာလတစ်နှစ် စုစုပေါင်း ငါးနှစ်သင်ကြားပြီး သင်တန်းကာလပြီးဆုံးပါက မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) အပ်နှင်းပြီး တဆင့်ထုတ်ပေးခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော တိုင်းရင်းဆေးဆရာဝန်ထမ်းများအား မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ (M.M.T.M) နှင့် တိုင်းရင်းဆေးပညာ (ပေါင်းကူး)သင်တန်း (B.M.T.M)ကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်မှစတင်၍ တိုင်းရင်းဆေးပညာပါရဂူဘွဲ့ Ph.D (ကျမ်းကြီး)နှင့် Ph.D Regular သင်တန်းများကို ဖွင့်လှစ်ပြီး တိုင်းရင်းဆေးပညာကို အဆင့်ဆင့်မြှင့်တင်ပေးလျက်ရှိပါသည်။ တိုင်းရင်းဆေးဆရာလက်မှတ်ရရှိသော တိုင်းရင်းဆေးဆရာများအနေဖြင့် မိမိတို့ကျွမ်းကျင်စွာ တတ်မြောက်သောဆေးပညာဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုဌာနများတွင် ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေးလျက်ရှိပါသည်။ သမားကောင်းတစ်ယောက်ဖြစ်ရန် နှစ်ကာလကြာရှည်စွာ စာတွေ့၊ လက်တွေ့ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားရရုံသာမက သမားကောင်းတို့၏ ကျင့်ဝတ်များနှင့်အညီ စောင့်ထိန်းရပါသည်။

ဤကဲ့သို့ ကျွမ်းကျင်စွာတတ်မြောက်သည့် တိုင်းရင်းဆေးဆရာများ၏ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုမျိုးကို ရရှိသော ပြည်သူလူထုအနေဖြင့် ဘေးအန္တရာယ်ကင်းပြီး ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မိမိတိုင်းပြည် မိမိလူမျိုးအတွက် ပညာရေး၊ လူမှုရေး၊ ဘာသာ၊ သာသနာ စသည့် လုပ်ငန်းများတွင်လည်း များစွာအကျိုးပြုမှု ဆောင်ရွက်နိုင်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ နောင်လာနောက်သား တိုင်းရင်းဆေးဆရာများအနေဖြင့် ရှေးသမားတော်ကြီးများ၏ ဆေးပညာအမွေအနှစ်များနှင့် ကျင့်ဝတ်များကို လေးစားတန်ဖိုးထား လိုက်နာကျင့်သုံးကာ ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်နိုင်ပါစေကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပေါင်းလပြည့်နေ့တွင်ကျရောက်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားကို နဝရတ်ကတိသစ္စာ သံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့သည် ပြည်သူလူထု၏ ကျန်းမာရေးကိုတိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသော တိုင်းရင်းဆေးသမားတော်ကြီးများ၏ ကြိုးစားအားထုတ်မှုများကို အမှတ်တရပြုဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် သမားတော်ကြီးများက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း၊ တိုင်းရင်းဆေးသမားတော်များ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အဖိုးတန်အမွေအနှစ်များကို မျိုးဆက်သစ်တိုင်းရင်းဆေးဆရာများထံ လက်ဆင့်ကမ်းရန်၊ မျိုးဆက်သစ်လူငယ်များအကြား တိုင်းရင်းဆေးပညာကိုစိတ်ဝင်စားလာစေပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကိုဆက်စပ်ကာ ခေတ်မီဆေးပညာနှင့်ပေါင်းစပ်၍ ပြည်သူ၏ ကျန်းမာရေးစနစ်အတွင်း တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်ဖြစ်ကြောင်း၊ ရှေးတိုင်းရင်းဆေးသမားတော်ကြီးများ၏ အတွေ့အကြုံ၊ စူးစမ်းလေ့လာမှု၊ အနစ်နာခံဆောင်ရွက်မှုတို့မှ မွေးဖွားလာသော မြန်မာ့တိုင်းရင်းဆေးပညာကို ယနေ့အချိန်တွင် တိုင်းရင်းဆေးသိပ္ပံမှ တိုင်းရင်းဆေးတက္ကသိုလ်အဆင့်အထိ တည်ထောင်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများဖြင့်ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် မြန်မာ့တိုင်းရင်းဆေးပညာကို သိပ္ပံနည်းကျသုတေသနများဖြင့် အထောက်အထားပြုလုပ်ခြင်း၊ ခေတ်မီဆေးပညာနှင့် ပေါင်းစပ်အသုံးချခြင်း၊ လူငယ်မျိုးဆက်များကို စနစ်တကျပညာပေးသင်ကြားခြင်း၊ နိုင်ငံတကာအဆင့်နှင့်အညီ မြှင့်တင်ခြင်းတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့အခမ်းအနားမှ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူ့ကျန်းမာရေးအတွက် အမြဲအားထားရမည့် အင်အားတစ်ရပ်အဖြစ် တည်တံ့ခိုင်မြဲစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သက်ကြီး၊ ဝါကြီး တိုင်းရင်းဆေးသမားတော်ကြီးများအား ဂါရဝပြုလက်ဆောင်နှင့် သိပ္ပကျော်စွာဘွဲ့ရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ နာယကတိုင်းရင်းဆေး ဆရာကြီးဦးမြင့်လွင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ကြီး၊ ဝါကြီးတိုင်းရင်းဆေး သမားတော်ကြီးများအား ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး စွမ်းဆောင်ရည်ဆုနှင့် သင်တန်းထူးချွန်ဆုရရှိသူ တိုင်းရင်းဆေးဆရာများအား ဆုများပေးအပ်ချီးမြှင့်ရာ စွမ်းဆောင်ရည်ဆုရရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV suicide drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ်၏ အဓိက လေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းအသီးသီးမှလည်း ကန့်ကွက်ရှုတ်ချလျက်ရှိကြရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ယနေ့တို့တွင်လည်း ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများ စာပေနှင့်ယဉ်ကျေးမှုအသင်း၊ မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း(၃)ခုနှင့် ဝတ်ပြုကျောင်းတော်များ၊ ဗမာတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၊ ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်၊ လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ၊ မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ၊ မြန်မာနိုင်ငံရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ လော်ဝေါ်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်းတို့ကလည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်ပါအတိုင်း သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများ စာပေနှင့်ယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်**

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့် ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများ စာပေနှင့်ယဉ်ကျေးမှုအသင်း**

## မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း (၃)ခုနှင့် ဝတ်ပြုကျောင်းတော်များ၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်**

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့က Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ သိရှိရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း (၃) ခုနှင့် ဝတ်ပြုကျောင်းတော်များမှ လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ အစ္စလာမ်သာသနာရေးရာကောင်စီ

၂။ အိုလမာအစ္စလာမ် သာသနာပညာရှင်များအဖွဲ့

၃။ မြန်မာမွတ်စလင်လူငယ်များအဖွဲ့

၄။ ဇဟိုဗလီကြီး၊ မင်းရပ်ရပ်ကွက်

၅။ အောင်နန်းဗလီ၊ အောင်နန်းရပ်ကွက်

၆။ ရှမ်းစုဗလီ၊ ရှမ်းစုမြောက်ရပ်ကွက်

၇။ ချင်းကြိမ်း (ပန်းသေး) ဗလီ၊ ခေမာသီရိရပ်ကွက်

၈။ ကျွန်းပင်သာဗလီ၊ကျွန်းပင်သာရပ်ကွက်

၉။ မြို့သစ်ကြီးဗလီ၊ မြို့သစ်ကြီးရပ်ကွက်

## ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

(၂၀.၂.၂၀၂၆) ရက်နေ့ ည(၈:၁၂) အချိန်၌ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အများပြည်သူများ အသုံးပြုလျက်ရှိသည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ လေဆိပ်သည် ကချင်ပြည်နယ်၏ အဓိက လေကြောင်းဗဟိုချက်တစ်ခုဖြစ်ပြီး အများပြည်သူများသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် များစွာအထောက်အကူပြု အသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာ KIA နှင့် PDF ပူးပေါင်းအဖွဲ့များက FPV Suicide Drone များအသုံးပြု၍ ယုတ်မာပစ်ခတ်တိုက်ခိုက် အကြမ်းဖက်ခဲ့သော တိုင်းပြည်ဖျက်ဆီး KIA နှင့် PDF အကြမ်းဖက်လုပ်ရက်အား ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ဗမာတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ (၂၀) ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

## ဂျိန်းဖော့ ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅ )ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်း(MNA) ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား မသမာသူများက ဖေဖော်ဝါရီလ (၂၀)ရက် ညပိုင်းတွင် ရည်ရွယ်ချက်ရှိရှိပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရက်အပေါ် ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်
စီတာပူ၊ မနော်ကွင်း၊ မြစ်ကြီးနားမြို့။

## လာချိဒ် စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ(၂၀)ရက် ညပိုင်းတွင် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်အပေါ် လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ

## မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ (၂၀) ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီ

## မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်

၁။ မြစ်ကြီးနားလေဆိပ်၌ ခရီးသည်များတင်ဆောင်ပြီး မန္တလေးမြို့သို့ ထွက်ခွာရန်ပြင်ဆင်နေသော မြန်မာ့အမျိုးသားလေကြောင်းလိုင်း (MNA) ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကြမ်းသည့် အဖွဲ့အစည်းများက ဖေဖော်ဝါရီလ (၂၀) ရက် ညနေပိုင်းတွင် FPV Suicide Drone ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့စစ်ရေးပစ်မှတ်မဟုတ်သောအများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အပေါ် ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း

## လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ (၂၀) ရက် ညပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူ သွားလာရေးနှင့်ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် သောင်းကျန်းသူအဖွဲ့များအား လော်ဝေါ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လော်ဝေါ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း

## ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့၊ ည (၈:၁၀) ဝန်းကျင် အချိန်ခန့်တွင် မြစ်ကြီးနားလေဆိပ်၌ မြစ်ကြီးနားမှ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား မသမာသူလူတစ်စုက FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား ကချင်ပြည်နယ်၊ ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်း

❒ *ကျော့ဖုံးမှ*

ပထမအကျော့တွင်လည်း အင်တာမီလန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိထားသည်။ ထို့ကြောင့် ဘိုဒိုဂလင့်အသင်းသည် နာမည်ကြီး အင်တာမီလန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

လက်ရှိအီတလီစီးရီးအေအမှတ်ပေးဇယားတွင်လည်း မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းကို ၁၀ ပြတ်ဦးဆောင်ထားသော အင်တာမီလန်အသင်းသည် ဘိုဒိုဂလင့်အသင်းကို ပွဲစတင်ကတည်းက တစ်ဖတ်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ကာ နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်ခဲ့ရပြီ ဖြစ်သည်။

ဘိုဒိုဂလင့် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့်တွင် မန်စီးတီးနှင့် စပိုတင်းအသင်းတို့ထံမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် အက်သလက်တီကိုမက်ဒရစ်က ကလပ်ဘရူဂေးကို လေးဂိုး-တစ်ဂိုး၊ နယူးကာဆယ်က ကာရာဘတ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး လေဗာကူဆင်နှင့် အိုလံပီယာကော့စ်အသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။ ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်များမှ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်း ယှဉ်ပြိုင်ကစားပြီးသည့်ပွဲစဉ်များတွင် ဘိုဒိုဂလင့်အသင်းနှင့်အတူ နှစ်ကျော့ပေါင်းရလဒ်ဖြင့် အက်သလက်တီကို မက်ဒရစ်၊ လေဗာကူဆင်နှင့် နယူးကာဆယ်အသင်းတို့ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အောင်ဇော်

# အမျိုးသားစီမံကိန်းဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ (၅၅)နှစ်မြောက် (မြရတု) ဂုဏ်ပြုစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အမျိုးသားစီမံကိန်းဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၏ (၅၅)နှစ်မြောက် (မြရတု) ဂုဏ်ပြုစာတမ်း ဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် ၃၂ ၌ ကျင်းပသည်။(ယာပုံ)





စာတမ်းဖတ်ပွဲသို့ အမျိုးသားစီမံကိန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြား ထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အငြိမ်းစား အရာရှိကြီးများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံကိန်းဦးစီးရုံးများမှ ဝန်ထမ်းများနှင့် စာတမ်းရှင် များ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် အမျိုးသားစီမံကိန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီးက စီမံကိန်းရေးဆွဲရေးဦးစီးဌာန အနေဖြင့် ၅၅ နှစ်တာကာလအတွင်း ဖွံ့ဖြိုးမှုစီမံကိန်း များ ရေးဆွဲသည့်ကိစ္စရပ်များတွင် ပါဝင်ခဲ့သည့်အပြင် နိုင်ငံတော်၏မူဝါဒများ၊ ဦးတည်ချက်များနှင့်အညီ ကျရာတာဝန်များကို လိုက်ပါဆောင်ရွက်ခဲ့သည်ကို အသိအမှတ်ပြုပါကြောင်း၊ ယခုကဲ့သို့ စာတမ်းဖတ်ပွဲ များ ကျင်းပခြင်းဖြင့် နောင်လာမည့် မျိုးဆက်သစ် များအတွက် အသိပညာများ၊ နည်းပညာများ၊ အတွေ့ အကြုံကောင်းများကို လက်ဆင့်ကမ်းမျှဝေနိုင်မည် ဖြစ် ကြောင်းပြောကြားသည်။

စာတမ်းဖတ်ပွဲတွင် ဂျီဒီပီ၊ လူမှုစီးပွားဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ခြင်းတို့ကို အထောက်အကူပြုသည့် စာတမ်း ၁၁ စောင်ကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဝန်ထမ်း များက ဖတ်ကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြ သူများက ဖြည့်စွက်ဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် သိလိုသည်များကို မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ အလုပ်သင်နှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အလုပ်သင်နှင့် အလုပ် အကိုင်အခွင့်အလမ်းပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ အဆိုပါ တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ကျင်းပရာ ဒုတိယ ဝန်ကြီး ဦးသိုက်စိုး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတ ရေးရာဝန်ကြီး၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ သင်ကြား/ စီမံဌာနမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာန အောက်တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် သန်လျင်နှင့် စစ်ကိုင်းဟူ၍ တက္ကသိုလ်နှစ်ခုရှိပြီး ကောင်းမွန်သောစီမံအုပ်ချုပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့်အညီ အရည် အချင်းပြည့်ဝသည့် လူမှုစီးပွားရေးဆိုင်ရာ အသိပညာ ရှင်၊ အတတ်ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေး လျက်ရှိပါကြောင်း၊ သန်လျင်တက္ကသိုလ်အနေဖြင့် ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင် နှစ်အထိ တက္ကသိုလ်ဘွဲ့ရပေါင်း ၈၇၂၃ ဦး မွေးထုတ် ပေးခဲ့ပြီး ၈၄ ရာခိုင်နှုန်းမှာ အစိုးရဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းများ၊ ကိုယ်ပိုင်လုပ်ငန်းများနှင့် ပြည်ပအလုပ် အကိုင်များ ဆောင်ရွက်နေပါကြောင်း၊ ကျောင်းသား ကျောင်းသူများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ် ဖြစ်သဖြင့် မိမိတို့၏အရည်အချင်းမြင့်မားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် ယခုအခမ်းအနားမှ ရရှိလာသည့် အလုပ်အကိုင်အခွင့်အလမ်းများကို အကျိုးရှိရှိအသုံးချ၍ အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်များဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် UMFCCI မှ Secretary General ဒေါ်ခိုင်ခိုင်နွယ်က Moderator အဖြစ်ဆောင်ရွက်ပြီး ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ အငြိမ်းစားပါမောက္ခ ချုပ် ဒေါက်တာသိန်းထွန်း၊ သီရိသုခမ္မသိင်္ဂီ ဒေါ်စန်း စန်းရီ၊ ဦးရဲမြင့်အောင်၊ ဒေါက်တာခင်ဆွေအေးတို့က "From Campus to Career: Preparing for Professionalism" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုနှင့် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူ များနှင့် ဧည့်သည်တော်များ၏ သိရှိလိုသည်များ ဆွေးနွေးဖြေကြားမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ပါမောက္ခချုပ် တို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင် များ ပေးအပ်ကြပြီး ဖိတ်ကြားထားသော အဖွဲ့အစည်း များမှ တာဝန်ရှိသူများက Organization Profile အကြောင်းအရာများ ရှင်းလင်းပြောကြားကာ အလုပ် သင်နှင့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများကို လိုက်လံလှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပါမောက္ခချုပ်၊ သင်ကြားရေးနှင့် စီမံရေးရာဌာနမှူးများ၊ ဆရာ ဆရာမ များနှင့်တွေ့ဆုံ၍ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သော လူမှုအဖွဲ့အစည်း ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုတက္ကသိုလ်ဖြစ်စေ ရန်ဟူသည့် တက္ကသိုလ်ရည်မှန်းချက်နှင့်အညီ လေ့ကျင့်



သင်ကြားပျိုးထောင်ပေးကြရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ပညာ ဝမ်းစာဖြည့်တင်းကြရန်နှင့် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုး တိုးတက်ရေးအတွက် တက္ကသိုလ်ပညာရေးအဖွဲ့၊ ပြင်ပပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက် သွားရန်မှာကြားကာ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမ များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒက္ခိဏစာသင်ဆောင်ရှိ ကွန်ပျူတာ စာသင်ခန်းများသို့ သွားရောက်၍ သင်ကြားပို့ချနေမှု အဆင်ပြေချောမွေ့မှု ရှိ/မရှိ၊ လာမည့်ပညာသင်နှစ်၌ ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘက်စုံသုံးခန်းမ အဆင်ပြေမှု ရှိ/ မရှိ ကြည့်ရှုစစ်ဆေး ကာ ပထမနှစ်တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သန်လျင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ သွားရောက် ၍ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီး ဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေး၊ မိမိတို့ဘဝတိုးတက်မြင့်မားရေး အတွက် ကြိုးပမ်းကြရေး၊ ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး တိုက်တွန်းမှာကြားကာ ဝန်ထမ်းများ၏ အခက်အခဲ များနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် လိုအပ် သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဥပဒေချုပ်ရုံး၌ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**လွိုင်ကော် ဖေဖော်ဝါရီ ၂၅**

ကယားပြည်နယ် ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများရှိ အမှုထမ်းများ စည်းကမ်းပြည့်ဝပြီး စွမ်းဆောင်ရည်ရှိသော လူ့စွမ်း အားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် စေရန်နှင့် ရည်မှန်းချက်အောင်မြင် စေရန်ရည်ရွယ်၍ လုပ်ငန်းစွမ်း ဆောင်ရည်မြှင့် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ပြည်နယ် ဥပဒေချုပ်ရုံး၌ ကျင်းပသည်။



ဦးစွာ ကယားပြည်နယ် ဥပဒေ ချုပ် ဦးကြည်မြိုင်က အမှာစကား ပြောကြားပြီး ပြည်နယ်ဥပဒေ အရာရှိဦးကျော်မင်းနိုင်ကသင်တန်း တွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော် ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တာ ဖွင့်လှစ်သင်ကြားသွား မည်ဖြစ်ကြောင်း သိရသည်။

**မေစု**

**(ပြန်/ဆက်)**

# ပေါင်းတည်၌ အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံပေး

**ပေါင်းတည် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနရှိ ကျန်းမာရေးဌာနများနှင့် ကျန်းမာရေး ဌာနခွဲအသီးသီးတို့ တွင် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်၍ အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ် အမျိုးသမီးငယ်များအား တစ်သက် တာဘဝ ကျန်းမာသုခရရှိနိုင်စေရေး အတွက် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများ စတင်ထိုးနှံ ပေးခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာသန်း သန်းချစ်က ဆေးထိုးစုရပ်များသို့ ဖေဖော်ဝါရီ ၂၅ ရက်က ကွင်းဆင်း စစ်ဆေးသည်။



အဆိုပါ ဆေးထိုးနှံပေးခြင်းကို မြို့နယ်အတွင်းရှိ အမျိုးသမီးငယ် ၆၅၀ အား ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ သိရသည်။ **ရွှေသား(IPRD)**

# ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ-(၆) ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၁,၈၅၅.၉၆) ဧကရှိသောနယ်မြေကို **"ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆ )အရ (၁၃၈၇) ခုနှစ်၊ တပေါင်းလဆန်း (၃) ရက်၊ (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောသစ်မျိုးများနှင့် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်ရန်၊ ရေသယံဇာတနှင့်ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ ပင်လယ်ပြင်မှ ဖြစ်ပေါ်လာသော လှိုင်းဒဏ်၊ လေမုန်တိုင်းခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန်စသည့် ရေသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်လုပ်ကိုင်မှု ပိုမိုကောင်းမွန်လာစေပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

**"ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော"** သတ်မှတ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ရာသီဥတုနှင့် ဒေသအတွက် အကျိုးပြုသော ဒီရေတောများ ဖြစ်ထွန်းလာမည်ဖြစ်ခြင်း၊ ဒီရေတော ဂေဟစနစ်ကို ရေရှည်တည်တံ့စေခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ကမ်းရိုးတန်း ရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ်စသည့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ခြင်း၊ ဒီရေတောသစ်မျိုးများဖြစ်သော ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ သမဲ့ကျက်တက်၊ လမု၊ လဘာ၊ ပင်လယ်အုန်း၊ ကျနု၊ သမဲ့ဖြူနှင့် ဓနိပင် စသည့်ဒေသသစ်မျိုးများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဖျိုင်း၊ ခရုစုတ်ငှက်၊ စွန်ခေါင်းဖြူမျောက်၊ တင်ကျီးငှက်စသည့် ငှက်မျိုးများနှင့် မိကျောင်းများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ပုစွန်စသည့် ရေနေသတ္တဝါများ၏ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောထိန်းသိမ်းမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး ရာသီဥတု မျှတကောင်းမွန်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၂၃-၂-၂၀၂၆ ရက်နေ့မှ ၂၄-၂-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car) ၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ခံနိုင်နည်းပါးသော သူများအတွက်သာ | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ခံနိုင်နည်းပါးသော သူများအတွက်သာ | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ခံနိုင်နည်းပါးသော သူများအတွက်သာ | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးအား ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် တွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ယာဉ်မောင်း ဦးနိုင်လင်းထွန်းမောင်းနှင်ပြီး တရုတ်နိုင်ငံသားတစ်ဦး လိုက်ပါလာသည့် ရခိုင်ပြည်နယ် အမ်းမြို့နယ် ဆင်ခုံတိုင်ကျေးရွာရှိ တရုတ်-မြန်မာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီမှ ကုမ္ပဏီပိုင် Land Cruiser အမျိုးအစား မော်တော်ယာဉ် အမှတ် 5C/----- အား စစ်ဆေးရာ အဆိုပါ တရုတ်နိုင်ငံသားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ တရုတ်နိုင်ငံသား Jiang Dawen (ဘ) Jiang Chenggui ၊ ၄၉ နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖမ်းဆီးရမိ တရုတ်နိုင်ငံသား၏ ပြောကြားချက်အရ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့နေ မာတီဆိုသူနှင့် သားရေလုပ်ငန်း အကျိုးတူပူးပေါင်း လုပ်ကိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ မိသားစုနှင့်အတူ ပြန်လည်နေထိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စဉ် ဒါကာလေဆိပ်သို့ အရောက်တွင် ဒါကာမြို့၌ အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့သူအား ဒေါ်လာ ၆၆၀၀၀၀ ပေးရန်ကျန်သည့် အမှုဖြင့် တရားစွဲဆို ထားခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမှုရင်ဆိုင်စဉ် တရုတ်နိုင်ငံမှ ဇနီးဖြစ်သူနှင့် ညီဖြစ်သူတို့က အာမခံဖြင့် အချုပ်မှ ထုတ်ပေးခဲ့ကြောင်း၊ အမှုရင်ဆိုင်နေစဉ်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုင်ငံရေးမတည်မငြိမ်မှုဖြစ်ပွားသဖြင့် ၂၀၂၅ ခုနှစ် ဇွန် ၂၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Teknaf မြို့ရှိ လှေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောမြို့သို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်စဉ် AA အကြမ်းဖက်အဖွဲ့၏ ဖမ်းဆီးခြင်းကိုခံရပြီး ထိုမှတစ်ဆင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် AA အကြမ်းဖက် အဖွဲ့က အမ်းမြို့နယ် ဆင်ခုံတိုင်ကျေးရွာရှိ တရုတ်-မြန်မာသဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီသို့ ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါ ကုမ္ပဏီမှ မော်တော်ယာဉ်ဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေးမြို့သို့ ထွက်လာစဉ် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားအား ငဖဲမြို့မရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃ (၁) အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၂၅** နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ပုတော မြို့နယ်နှင့် လပွတ္တာမြို့နယ် ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ ပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြု ကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး မှော်ဘီတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## K-Music Friday Night Live Show တွင် ဖျော်ဖြေကြမည့် ကိုရီးယားနိုင်ငံမှ အနုပညာရှင်များ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာ-ကိုရီးယား ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ K– Music Friday Night Live Show တွင် ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့် ကိုရီးယားနိုင်ငံမှ အနုပညာရှင်များသည် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။ (ဓာတ်ပုံ)



အဆိုပါ ကိုရီးယား အနုပညာရှင်အဖွဲ့တွင် နိုင်ငံတကာ လှည့်လည်ဖျော်ဖြေတင်ဆက် လျက်ရှိကြသည့် K–Pop နာမည်ကျော် အနုပညာရှင်များ ဖြစ်ကြသည့် Henny၊ Gun Woo တို့နှင့်အတူ၊ DJ တစ်ဦး၊ Dream Kids အကအဖွဲ့ဝင် ငါးဦး၊ အထောက်အကူအဖွဲ့နှင့် တာဝန်ရှိသူများ လိုက်ပါလာကြသည်။

ထို့အပြင် မြန်မာ–ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်း၍ ပထမဆုံး ရိုက်ကူးထုတ်လုပ်မည့် "အားလုံးကို ကျော်ဖြတ်ကြမယ်" (All Pass) လူငယ်ဒရာမာရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်ကြမည့် ကိုရီးယားနိုင်ငံမှ ကလေးသရုပ်ဆောင် လေးဦးတို့သည်လည်း အတူလိုက်ပါလာကြရာ အဆိုပါ ကိုရီးယားအနုပညာရှင်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် အများပြည်သူ အပန်းဖြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညတိုင်းတွင် Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ လာမည့် ဖေဖော်ဝါရီ ၂၇ ရက် သောကြာနေ့ ည(၈)နာရီတွင် မြန်မာ–ကိုရီးယား ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် KK Media နှင့် ပူးပေါင်း၍ ကိုရီးယားအနုပညာရှင်များက ဖျော်ဖြေတင်ဆက်မည့် K–Music Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲဖြင့် တင်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းတင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ် သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဖားဆောင်းမြို့နယ်မှ မယ်စဲ့မြို့နယ်သို့ ဆက်သွယ်ထားသည့် သံလွင်တံတား(ဖားဆောင်း)အား KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဒုတိယအကြိမ် ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြရာ ဖားဆောင်းမြို့အနီးရှိ သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်သော သံလွင်တံတား (ဖားဆောင်း)အား အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ် ထပ်မံ၍ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများက KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ဖေဖော်ဝါရီ ၁၅ ရက်တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်ခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများက တပ်မတော်စစ်ကြောင်းများ ၎င်းတို့၏နောက်သို့ ထက်ကြပ်လိုက်လံ ချေမှုန်းတိုက်ခိုက်ခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ဒေသခံပြည်သူများအားထား အသုံးပြုလျက်ရှိသည့် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား(ဖားဆောင်း)အား ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်းကောင်း၊ ပွန်ချောင်းတံတားအား ဖေဖော်ဝါရီ ၂၀ ရက်တွင်လည်းကောင်း ဆင်ခြင်တုံတရားမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုများကို သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။




၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ယနေ့နံနက် ၁၀ နာရီခန့်တွင်လည်း KNPP၊ KNDFအဖွဲ့များနှင့်PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ကယားပြည်နယ် ဖားဆောင်းမြို့နယ်မှ မယ်စဲ့မြို့နယ်သို့ဆက်သွယ်ထား၍ ပြည်သူလူထု၏လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် သံလွင်တံတား (ဖားဆောင်း) အား ဒုတိယအကြိမ် ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် တံတား၏ အနောက်ဘက် ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် P–5 နှင့် P–7 တို့အကြားတွင် အရှည် ပေ ၃၀၀၊ အကျယ် ၂၄ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

သံလွင်တံတား(ဖားဆောင်း)သည် ဖားဆောင်းမြို့အနီးရှိ သံလွင်မြစ်ကူးတံတား တစ်စင်းဖြစ်ပြီး တံတားအရှည် ပေ ၁၂၆၀၊ တံတားအကျယ် ၂၄ ပေ၊ လူသွားလမ်း ဘယ်/ညာ ၃ ပေစီရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်အသုံးပြုခဲ့သော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အမြော်အမြင်မဲ့စွာ ဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီး လုပ်ရပ်များကြောင့် ယခုအခါ မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများရပ်တန့်လျက်ရှိပြီး ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှု၍ ယုတ်မာရိုင်းစိုင်းစွာဖြင့် အများပြည်သူအဓိကသွားလာရာနှင့် ကုန်စည်များစီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် သံလွင်တံတား(ဖားဆောင်း)အား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

ယခုကဲ့သို့ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်ဖြစ်သော သံလွင်တံတား (ဖားဆောင်း)အား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသာမက နိုင်ငံတစ်ဝန်းရှိပြည်သူများကပါ ရွံရှာမုန်းတီးစွာ ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိသည်။ တံတားပျက်စီးမှုအား သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅** နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူ၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့အနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာအား မူးယစ်ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၏အနောက်မြောက်ဘက် ၃၀ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးများ ထုတ်လုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းခြင်းများ သွားရောက်ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့၏ အရှေ့တောင်ဘက် ၁၉ ကီလိုမီတာ (ဝမ်လုံးကျေးရွာ၏ တောင်ဘက် ၈ ကီလိုမီတာခန့်) အကွာနေရာ၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော Promethazine တံဆိပ်ပါ ချောင်းဆိုးပျောက်ဆေးရည်ဘူး ၁၀၀ (ဘူး ၅၀ စီပါ ၂ ဖာ)၊ Food Colour တံဆိပ်ပါ အပြာရောင်ဆေးဘူးအကြီး ၁၈ ဘူးနှင့် ဘူးအသေး ၄၁ ဘူး၊ စိစစ်ဆဲဆေးရည်ပုလင်းအသေး အလုံး ၅၀၀၊ မျောက်ခေါင်းတံဆိပ်ပါ အနံ့ဆေးရည် ၁၅ ဖာ (တစ်ဖာလျှင် ဘူး ၂၀ ခန့်)၊ စိစစ်ဆဲအဖြူရောင်အမှုန့် ဆာလာအိတ် တစ်ဝက်ခန့်စီပါ ခြောက်အိတ်၊ ဘိန်းမည်း သုံးထုပ်၊ ဘိန်းဖြူဘလောက်တုံး တစ်တုံး၊ စိစစ်ဆဲ အနက်ရောင် အထုပ် တစ်ထုပ်၊ အဖြူရောင် ပုံဆောင်ခဲ တစ်ကီလိုဂရမ်စီပါ ကိုးထုပ်၊ တိပ်ဝါများပိတ်ထားသည့် WY ဆေးပြား ၆၀၀၀ ခန့်ပါ ၁၂ စည်း၊ ၉၉၉ တံဆိပ်ပါ တိပ်ဝါပတ်လျက် WY ဆေးပြား ၁၀၀၀၀ ခန့်ပါ ၁၀ စည်း၊ ထုပ်ပိုးရခြင်းမရှိသေးသည့် WY ဆေးပြား ဆာလာအိတ် တစ်ဝက်ခန့်စီပါ ၁၂ အိတ်၊ ဆာလာအိတ် တစ်ဝက်ခန့်စီ ထည့်ထားသော WY ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် ဆေးမှုန့် ၁၂ အိတ်၊ ရိုက်တံမို နှစ်ဖာနှင့် ဆက်စပ်ပစ္စည်းများ ထည့်သွင်းထားသည့် အပြာရောင်ဘူးကြီး ၁၄ ဘူး၊ ကီလိုချိန်စက် သုံးလုံး၊ မီးစက်အကြီး တစ်လုံး၊ မွှေစက်အသေး သုံးလုံးနှင့် အခြောက်ခံဗန်းဆိုက်စုံ ၃၂ ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

အဆိုပါ သိမ်းဆည်းရမိမူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်ကာ ထိရောက်စွာ အရေးယူ ဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ကုလသမဂ္ဂ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်သည့် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်နိုင်သည့် နေရာများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ ကျောင်းသား လူငယ်အရွယ်များ မှစတင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့် လက်တွဲ၍ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယခုသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာ အရေးယူခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၅** ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက ဇင်ပြွန်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မြတ်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာများ၊ သစ်တောသစ်ပင် အရေးပါပုံတို့ကို အသိပညာပေး ဟောပြောခဲ့ရာ ဒေသခံပြည်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားသည်။

မြို့နယ်(ပြန်/ဆက်)




ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မြို့နယ်မီးသတ် ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များက အကြီးစားစက်မှုဇုန် (ရွာသာကြီး) မြဝတီမင်းကြီးလမ်းရှိ ကျောက်စိမ်းဖိနပ်စက်ရုံအတွင်း တပ်ဆင်ထားသည့် မီးသတ်ပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်ရေး စစ်ဆေးဆောင်ရွက်ခြင်းကို ဝန်ထမ်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်က ဆောင်ရွက်စဉ်။ သန်းသန်းအေး


အင်းစိန်မြို့နယ်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်ဒုတိယဦးစီးမှူး ဦးအောင်နိုင်ထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးလာမာဆာအေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထိုက်နှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ ထွန်းလင်းကျော်(ပြန်/ဆက်)


တံတားဦးမြို့နယ် ပြတိုက်ကွက်သစ်ရပ် ရှေးဟောင်းသုတေသနပြတိုက် အင်း၀-ပန်းယျဉ်ဌာနစိတ်၌ ဖေဖော်ဝါရီ ၂၄ ရက်ကပြုလုပ်ရာ တံတားဦးမြို့မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင်က ပြတိုက်အတွင်း ရှေးဟောင်းပစ္စည်းများ မီးဘေးကာကွယ်ရေး ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းအမွေအနှစ် ဗားကရာကျောင်းတော်ကြီး၌ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသစဉ်။ မြို့နယ်(ပြန်/ဆက်)


စလင်းမြို့နယ်အတွင်းရှိ စက်သုံးဆီရောင်းချနေသော ဆီဆိုင်များကို စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ရည်ညွှန်းဈေးများအတိုင်း ရောင်းချခြင်းရှိ/မရှိနှင့် ဆိုင်ပတ်ဝန်းကျင်၌ မီးတားလမ်းများ ဆောင်ရွက်ထားခြင်းရှိ/မရှိကို ဖေဖော်ဝါရီ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးရာ ကော်မတီဥက္ကဋ္ဌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဗိုလ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီများ သိုလှောင်ထားရှိမှုအခြေအနေများကို စစ်ဆေးစဉ်။ မောင်လွင်(စလင်း)

**တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင်**
**စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်**

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၈-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ၂၇-၂-၂၀၂၆ ရက်နေ့မှ ၂၁-၄-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့ လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့်ဗိုလ်မင်းခေါင်လမ်းထောင့်၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (၂၂/က)၊ ဦးဘတင် အမည်ပေါက် ဧရိယာ (၀ ဒသမ ၀၆၆) ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇင်အောင် ၁၂/ပဇတ(နိုင်)၀၀၆၃၇၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်ကီးကူးမား ၉/မရမ(နိုင်)၀၈၃၆၆၀ က ပြန်လည်ဝယ်ယူရန်အတွက် ငွေအားစရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇာနည် (LLB., DBL,DIPL)**
**(စဥ်– ၁၄၆၆၈)တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း – ၀၉–၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁) ရပ်ကွက်၊ နောင်ရိုး (၂) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၁၈၉)ဟုခေါ်တွင်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် နှစ် (၆၀) မြေငှားဂရန်ချပေးထားသည့် ဦးကြည်ဇင်၊ MKN– ၀၅၀၈၆၃ အမည်ပေါက် မြေအကျယ်အဝန်း အလျားပေ ၆၀ x အနံ ၄၁ ပေအနက်မှ အလျား ၁၀ ပေ x အနံ ပေ ၆၀ မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်အရောင်းအဝယ်စာချုပ်များဖြင့် နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ချိုချိုမွန် ၁၀/မလမ(နိုင်)၀၅၀၇၀၈ မှ မိမိသာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီဒါနှင်း ၁၂/ရပသ(နိုင်)၀၀၁၅၁၇ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူဇာထွန်း( LL.B) အထက်တန်းရှေ့နေ (စဥ်–၄၇၈၀၅/၂၉–၇–၂၀၁၆)**
**ဖုန်း– ၀၉–၇၇၀၅၃၅၂၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈) ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်အမှတ်– ၂၅၊ အခန်းအမှတ် (B1)၊ မြေညီထပ်၊ အကျယ်အဝန်း(၁၂ ½ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးလှမင်း ၁၂/လသန(ပြု)၀၀၀၁၅၇၊ ဒေါ်ခင်ဖြူနှင်းသက် ၈/မကန(နိုင်)၁၂၄၀၆၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန္တာကျော် တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၁၆၀၄)**
**အမှတ် (၁၁၇/၂၇)၊ H–3 ၊ ၃ – လွှာ၊ ၃၃ လမ်း (အလယ်ဘလောက်)၊**
**(၁) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၅၀၀၅၄၅၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာဝန်း၊ တိုက် (၁၃)၊ ပထမထပ်၊ အခန်းအမှတ် (၁၀၁)၊ အကျယ်အဝန်း (၈၀၀) စတုရန်းပေရှိသော တိုက်ခန်းကိုပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်ခင်စောလှိုင် ၇/ပမန(နိုင်)၀၁၃၉၁၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၆၆၃)**
**အမှတ် (၁၉၇) ၊ အညာစုလမ်း၊ (၉) ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉–၇၅၀၀၈၀၀၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/3396, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကြွယ် ၇/မညန(နိုင်)၀၄၄၆၃၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/81880, YAMAHA LNY MIO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာစန်း ၁၂/သကတ(နိုင်)၁၉၀၇၂၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၃၊ လှူနေရပ်ကွက်အမှတ်– သမိုင်း၊ မြေကွက်အမှတ် – ၁၀/စနှင့် ၁၀/ဆ/အေ၊ အမှတ် – ၁၄၈၊ အေဝမ်းခြံလမ်း၊ ဧရိယာ (၀ ဒသမ ၉၉၉) ဧက၊ (၄၃၅၂၀) စတုရန်းပေအကျယ်ရှိ ဦးကျော်တင့် အမည်ပေါက် မြေပိုင်မြေအမျိုးအစား မြေကွက်ကြီးနှစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးကျော်တင့်နှင့် ဒေါ်ပိုးဖြူ(ခ)ဖြူဖြူ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်နိုင် (စဥ်–၇၂၈၃)** | **ဒေါ်နန်းမိုလိန် (စဥ်–၅၁၅၆၂)** |
| **ဒေါ်စုမြတ်နွယ် (စဥ်–၁၆၆၈၅)** | **ဒေါ်မေခင်ခန့် (စဥ်–၅၆၉၄၃)** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |

**အမှတ် (၄၅)၊ ပြည်လမ်း၊ တော်ဝင်စင်တာ (၂) လွှာ၊ ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၄၂၀၇၀၅၁၅၊ ၀၉–၄၅၃၃၈၂၂၉၂**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်းသွယ်၊ အမှတ် (၃၂) ရှိ အတိုင်းအတာ (၂၀' x ၃၀') မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အား လက်ရှိပိုင်ဆိုင်သူများ ဖြစ်သော မောင်ကျော်မင်းသိန်း ၁၄/ပသန(နိုင်)၁၅၂၇၁ နှင့် နော်ဆာသွဲစေး ၁၄/အဂပ(နိုင်)၁၃၁၄၅၅ တို့ထံမှ ကျွန်ုပ်တို့က ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ–**
**မအိဖြူဝင်းနိုင် ၁၂/အစန(နိုင်)၂၁၇၁၈၇**
**ဦးပြည့်ဖြိုးအောင် ၁၂/အစန(နိုင်)၁၈၈၂၁၁**
**ဖုန်း– ၀၉–၄၅၅၆၄၁၁၃၆၊ ၀၉–၂၅၄၀၅၅၂၂၆**

## အများသိရှိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဓမ္မာသိဒ္ဓိလမ်း၊ အမှတ် (၁၈၂) ဟုခေါ်တွင်သောအကျယ် (၂၅ ပေ x ပေ ၅၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနှစ်ခန်းတွဲ (၆) ထပ်တိုက်၏ (ခေါင်းရင်းဘက်)မြေညီထပ် တိုက်ခန်းနှင့် တတိယထပ် (၄လွှာ)တိုက်ခန်းတို့သည်ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်တင်နီလာမြင့် ၁၂/ခရန(နိုင်)၀၉၈၉၀၂ နှင့် ခင်ပွန်း ဦးမျိုးကျော်အောင် ၅/မရန(နိုင်)၁၇၇၉၅၅ တို့၏ လက်ထပ်ပွား တိုက်ခန်းများဖြစ်ကြပါသည်။

အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ ရောင်းချရန်၊ ပေါင်နှံရန်၊ အခြားသူတစ်ဦးအား တစ်နည်းနည်းဖြင့်လွှဲပြောင်းပေးအပ်ရန် ကိစ္စရပ်များပြုလုပ်ရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်နီလာမြင့်တွင် သဘောဆန္ဒလုံးဝမရှိပါသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်မရှိဘဲ ဦးမျိုးကျော်အောင်ထံမှ မည်သူတစ်ဦးတစ်ယောက်မျှ အထက်ပါတိုက်ခန်းများအား ဝယ်ယူခြင်း၊ အပေါင်ခံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများမပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။ ယင်းသို့အသိပေးကြော်ငြာထားပါလျက် အထက်ပါတိုက်ခန်းများအား ဝယ်ယူခြင်း၊ အပေါင်ခံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းရယူခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအပ်ပါသည်။

**ဒေါ်တင်နီလာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေအိန္ဒြေခင် (LL,B, D,B,L)**
**အထက်တန်းရှေ့နေ (စဥ်– ၅၆၈၃၈/၁၁–၃–၂၀၂၅)**
**တိုက်အမှတ် (၄)၊ အောင်ချမ်းသာ (၆) လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၆၇၆၂၂၈၅၆၉၊ ၀၉–၄၂၇၁၃၄၂၂၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ) ရပ်ကွက်၊ အကွက်အမှတ် (G–1)၊ ဦးပိုင်အမှတ်(G–1–C)၊ ရန်–မန်းကားလမ်းအရှေ့ဘက်၊ ၁၃၃ x ၁၃၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်ကြည် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၂၅၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ရွှေစိန် ၉/မရမ(နိုင်)၀၅၈၄၇၅ က အမှုတွဲအမှတ် (၅၃၁၄/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် (၁၁–၉)၊ ဦးပိုင်အမှတ် (၈)၊ ၆၀(စီ) လမ်းနှင့် ၁၃၀ လမ်းထောင့်ရှိ ဒေါ်နော်ရှည် အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၂၀၃/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးလှကျော်၏ (GP ရရှိသူ ဒေါ်နန်းသီရိကျော်) မှ တာဝန်ယူလက်မှတ်ရေးထိုးခဲ့ပြီး ဦးလှကျော် ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၅၁၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်စိုး ၈/မမန(နိုင်)၁၂၄၀၁၂ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၁၃/၂၀၂၅–၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ) ရပ်ကွက်၊ အကွက်အမှတ် နန–၄၊ ဦးပိုင်အမှတ် (၂၂) ခဲစင်း၊ ၆၆ x ၆၇ ကြား၊ ၁၃၃ x ၁၃၄ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးစိန်ခိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၂၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မာဦး ၉/နထက(နိုင်)၁၆၇၀၉၇ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၀၀/၂၀၂၅–၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ) ရပ်ကွက်၊ အကွက်အမှတ် နန–၄၊ ဦးပိုင်အမှတ် (၂၂) ခဲစင်း၊ ၆၆ x ၆၇ ကြား၊ ၁၃၃ x ၁၃၄ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးစိန်ခိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၂၅/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်နွယ် ၉/နထက(နိုင်)၁၂၉၉၄၀ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၃၀၁/၂၀၂၅–၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ ရပ်ကွက်၊ အကွက်အမှတ်(၁၇၂)၊ ဦးပိုင်အမှတ်(၂၅+၂၆.က)၊ ၈၂ လမ်းနှင့် ၂၄ လမ်းထောင့်ရှိ ဦးပေါဟိန်း၊ ဒေါ်မြရှိန်တို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၅၆၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းဝင်းစိုး၊ ဒေါ်တင်(ခ) တင်တင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၄၅၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းရွှေ ၁၁/မတန(နိုင်)၀၃၀၂၈၈ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၅၇၉/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၆၊ ဦးပိုင်အမှတ် ၁၀၄–စ/၁၉ x ၂၂ လမ်းကြား၊ ၅၉ x ၆၀ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်)၀၃၇၂၆၄ က သက်တမ်းတိုးလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၁) ၊ မြေကွက်အမှတ် (၁၆၂၆)၊ အကျယ် (၄၀ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် နှစ် (၆၀) ဂရန် အမည်ပေါက်သူ ဒေါ်သီတာအေး ၁၂/ဥကတ(နိုင်)၁၆၃၄၅၇၊ အမှတ် – ၁၆၆၊ ဓမ္မာ (၇) လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူမှ လက်ရှိပိုင်ဆိုင်ပါကြောင်း၊ စီမံခန့်ခွဲခွင့်၊ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မျိုးဦးမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဥ်– ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL–101 (WIPO)**
**အမှတ် – ၅၈၁၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂ – ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း– ၀၉–၅၁၉၇၇၉၃၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/2006 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားဘိုတဲကျေးရွာနေ (ဘ)ဦးရဲနိုင် - (မိ) ဒေါ်အေးအေးနိုင်တို့၏ သား မောင်နိုင်လင်းထက် ၇/ဝမန(နိုင်)၁၆၅၈၀၁ သည် မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**(ဘ) ဦးရဲနိုင် ၇/ဝမန(နိုင်)၀၈၁၀၀၉**
**(မိ) ဒေါ်အေးအေးနိုင် ၇/ဝမန(နိုင်)၀၂၁၀၈၉**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )

**မကွေးမြို့နယ်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၉ နှင့် ဆက်နွှယ်သည့်**
**၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁**

| | | | |
|---|---|---|---|
| ဦးဝင်းမောင် | နှင့် | ၁။ ဦးမျိုးသန့် | ၄။ ဦးအောင်ကျော်ဦး |
| | | ၂။ ဦးသန်းကျော်ဌေး | ၅။ ဦးအောင်မြင့်မိုး |
| | | ၃။ ဦးကျော်လင်း | ၆။ ဦးကျော်ကျော် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** | |

မကွေးမြို့၊ မကွေးတက္ကသိုလ်ဝင်းနေ (၂) တရားရှုံး ဦးသန်းကျော်ဌေး၊ မကွေးမြို့၊ ကင်းကျောက်ကုန်းရပ်ကွက်နေ (၃) တရားရှုံး ဦးကျော်လင်း၊ မကွေးမြို့၊ ကင်းကျောက်ကုန်းရပ်ကွက်နေ (၄) တရားရှုံး ဦးအောင်ကျော်ဦး၊ မကွေးမြို့၊ တည်ဆောက်ရေး (၈) ဆည်မြောင်းဦးစီးဌာနနေ (၅) တရားရှုံး ဦးအောင်မြင့်မိုး မကွေးမြို့၊ ရန်နိုင်ရပ်ကွက်၊ (၂၃) လမ်း၊ အိမ်အမှတ်(၂၃၉)နေ (၆) တရားရှုံး ဦးကျော်ကျော် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးဝင်းမောင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ခင်မြတ်သူ )**
**မြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် (၇၄၇)၊ ဦးပိုင်အမှတ် ၁-စ/၇၀x၇၁ လမ်းကြား၊ ၃၀x၃၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းမို(ခ)ဒေါ်နန်းဖောင် ၁၃/တကန(နိုင်) ၁၅၁၃၀၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂၆)၊ ဦးပိုင်အမှတ် (၄၈) ခဲစင်း၊ ၁၁၀x၁၁၁ ကြား၊ ၅၂x၅၃ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ တပ်ကြပ်ကြီး သန်းဦး ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ် (၁၆၅၇/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အမာကြည် ၉/မရမ(နိုင်)၀၂၂၃၁၁ ၏ (GP ရရှိသူ ဒေါ်မြသန္တာ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၁၈/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂၆)၊ ဦးပိုင်အမှတ် (၄၈) ခဲစင်း၊ ၁၁၀x၁၁၁ ကြား၊ ၅၂x၅၃ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ တပ်ကြပ်ကြီး သန်းဦး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၆၅၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အမာကြည် ၉/မရမ(နိုင်)၀၂၂၃၁၁ ၏ (GP ရရှိသူ ဒေါ်မြသန္တာ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၃၁၉/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မ မြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရေိယာ (၀ ဒသမ ၀၅၅) ဧကရှိ ဒေါ်တင်တင်ဝင်း ၁၂/ဗတထ(နိုင်)၀၁၂၅၄၉ (ဘ)ဦးစံဖြူ အမည်ပေါက်နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၃၅၀၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၉၁/၂၀၂၀(၁၄-၈-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်မြင့်အောင် ၅/စကန(နိုင်)၁၇၂၀၈၁ (ဘ) ဦးကျောက်ခဲမှ ဒေါ်သူသူမော် ၅/မရန(နိုင်)၀၁၄၁၃၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ကျားချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၇၈)၊ ကျွန်းကုံးကြီးကွင်း၊ ဦးပိုင်အမှတ် (၄၂-က+ ၄၄-က)၊ ဧရိယာ (၁ ဒသမ ၂၀) ဧကရှိမြေကို ရေကြည်မြို့၊ နေဝင်းရပ်ကွက်၊ အညာတန်းနေ ဦးသန်းဝင်းအောင် (၁၁/သတန(နိုင်)၁၄၅၅၂၆) မှ စက်မှု/စီးပွား မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်- မြတ်ရတနာ အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် - အောင်ချမ်းသာ (မြို့ကွက်သစ်)၊ မြေကွက်အမှတ် (၂၀၂)၊ အလျား x အနံ(၄၀ x ၇၁) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးမြတ်မင်းဟိန်း (ခ) ဦးမင်းခန့် ၁၂/တမန(နိုင်)၁၀၂၅၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဆန်းဦး ၉/ရမသ(နိုင်) ၀၂၃၀၈၉ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L, D.I.P.L) (စဉ်-၁၄၆၆၈)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊**
**သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း- ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ရေကြည်ကန်-၂၊ အောင်မြန်မာလမ်းထောင့်၊ ကွင်း/အကွက်အမှတ် (၆၇၂/A)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၄၀/၃၁)၊ ဧရိယာ (၀ ဒသမ ၀၅) ဧက၊ အကွက်ချမြေပုံအရ မြေကွက်အမှတ် (၃၁) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော (၁) ဒေါ်လွင်မာမြင့် ၁၂/သလန (နိုင်)၀၈၅၃၇၁ (၂) ဒေါ်နီလာထွန်း ၁၂/သလန(နိုင်)၁၁၇၄၇၄ ထံမှ ကျွန်ုပ် ၏ မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဦး ၁၂/ တမန(နိုင်)၀၆၁၁၀၂ က ပြန်လည်ဝယ်ယူရန် အတွက် ၎င်းအားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ် ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် ( LL.B,D.B.L) (စဉ် - ၁၄၆၆၈)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကျိုက်လှစံပြကျေးရွာ၊ ဘုရားလမ်း၊ အမှတ် (၅၂/၃) နေ ဦးမျိုးဝင်း ၇/ဝမန(နိုင်)၀၀၉၂၆၅၊ ဒေါ်ကြူကြူခိုင် ၇/ပခန (နိုင်)၀၉၆၇၉၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးဝင်းနှင့် ဒေါ်ကြူကြူခိုင်တို့၏ သမီးဖြစ်သူ မရတနာမျိုး ၇/ဝမန(နိုင်)၁၄၆၁၇၆ သည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအားပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဖြင့် ထွက်ခွာသွားပြီး အဆက်အသွယ်ဖြတ်ကာ မိဘများအား အမျိုးမျိုးစိတ်ဒုက္ခပေးခဲ့သောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝအား (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမျိုးဝင်း၊ ဒေါ်ကြူကြူခိုင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းစံပယ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၆၃၇)**
**အမှတ် (၃၃၁)၊ မွန်စံပြ (၂) လမ်း၊ ဟသ်္သာကုန်းရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၇၈၂၇၀၉၇၈၄၊ ၀၉-၄၅၀၁၈၂၈၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ် (၁၃၅၁/ခ)၊ ဧရိယာ (၂၀ x ၆၀) ပေ၊ မြေကွက်တည်နေရာ - အမှတ် (၃)၊ မာန်ပြေ (၂၁) လမ်းအနောက်၊ (၃/မာန်ပြေ) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်မောင်(CE- ၁၁၁၃၀၁)၊ အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်မောင် (ဖခင်) နှင့် ဒေါ်ချစ်တင် (မိခင်) တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်အေးစန္ဒာမောင် ၁၂/သကတ(နိုင်)၁၉၂၉၁၄၊ ဒေါ်မိုးစန္ဒာမောင် ၁၂/သကတ(နိုင်)၁၉၉၀၀၅ တို့မှ မိမိတို့ (၂) ဦးတည်းကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း တရားရုံး ကျမ်းကျိမ်းလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ နှစ် (၆၀) ဂရန် မူရင်းမှာ နေအိမ်တွင်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ ဦးမောင်မောင်-ဒေါ်ချစ်တင် တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေစာရင်းမှတ်ချက် (၁) အရ (၂၀၁၃) ခုနှစ်တွင် ဒေါ်အေးစန္ဒာမောင်၊ ဒေါ်မိုးစန္ဒာမောင်တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခဲ့ခြင်းနှင့် ပတ်သက်၍ (၂၀၁၃) ခုနှစ်တွင် ပိုင်ဆိုင်မြေပုံကို လျှောက်ထားထုတ်ယူခဲ့ပြီး ပိုင်ဆိုင်မြေပုံမှာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ၁၃-၁-၂၀၂၆ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ၁၆-၁-၂၀၂၆ ရက်စွဲပါ ဝန်ခံကတိ ရှင်းလင်းတင်ပြစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၅/အရှေ့ပြင်၊ ဦးပိုင်အမှတ်၊ ၁၃၉-ခ၊ မြေကွက်အမှတ်၊ ၇၉/၃၁၂၊ မြေဧရိယာ (၀.၀၅၇) ဧကရှိ မြေကွက်သည် ဒေါ်မြစိန်၊ ဦးကြိုင်ဆင့် အမည်ဖြင့် ၃-၁၂-၁၉၈၂ ရက်မှ ၂-၁၂-၂၀၁၂ ရက်အထိ (၃၀) နှစ် မြေငှားဂရန်ရရှိထားပါသည်။ မြေငှားဂရန်အမည်ပေါက်ဖြစ်သူ ဦးကြိုင်ဆင့်နှင့် ဒေါ်မြစိန်တို့သည် တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပါသည်။ ဦးကြိုင်ဆင့်သည် ၂၃-၁၁-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ပါသည်။ ဦးကြိုင်ဆင့် ကွယ်လွန်ပြီးနောက် ဒေါ်မြစိန်တွင် နောက်အိမ်ထောင်မရှိသည်မှာ မှန်ကန်ပါကြောင်း ဒေါ်မြစိန်မှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ချုပ်ဆိုခဲ့ပါသည်။ အဆိုပါမြေနေရာအား ဒေါ်မြစိန် ၉/မထလ(နိုင်)၀၄၃၂၉၁ မှ မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားလာပါသည်။ အဆိုပါ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၊ မြေကွက်အမှတ် - ၄၈၈ (ဦးမောင်မောင်တာ) အမည်ပေါက်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂ မြေကွက်အမှတ် ၄၈၉ (ဒေါ်ခင်ခင်) အမည်ပေါက်ပါမစ် မြေကွက်အကျယ် (၂၅ ပေ x ၅၀ ပေ)စီရှိသော မြေကွက် (၂) ကွက်အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးသောင်းဟန် ၁၂/ဒလန(နိုင်)၀၄၃၂၀၇၊ အမှတ်(၃၉) ဘုတ်လုငယ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇) ရက်ပြည့် မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင့်ကျော် ( LL.B) (အထက်တန်းရှေ့နေ၊ စဉ်-၃၀၉၁၃)**
**အမှတ် - ၃၈၊ ဘုရင့်နောင်လမ်း ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်**
**ဖုန်း- ၀၉-၇၉၁၉၇၄၂၀၄၊ ၀၉-၂၅၄၈၇၀၁၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြား(မြောက်)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် (၄၄)၊ အကျယ်အဝန်း ပေ (၃၀ x ၅၀)၊ ဒေါ်ခင်ရွှေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ပိုင်ဆိုင်သူထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်မေရီဦး ၅/ရဘန(နိုင်)၀၁၈၅၁၂ ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူခိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၀၆၈၉)**
**အမှတ် (၃၁၀)၊ စကားဝါ (၂) လမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၂၁၁၅၈၅၅၆၊ ၀၉-၂၅၅၅၅၈၆၉၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁) ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၉၈၃/ခ ရှိ မြေအကျယ်(၁၀ x ၆၀) ပေ မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာဝင်း၊ ဒေါ်ခင်မိုးခိုင် ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဆိုဘနတ်က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် (၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၂၆၀၇၈၀၉၀၁**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပြည်ပန်းကျေးရွာနေ ဒေါ်အိအိမိုး (ဘ) ဦးကျော်ကျော် ၉/ကဆန(နိုင်)၁၂၁၂၇၃ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်မဒေါ်အိအိမိုးသည် ဦးသန်းဇော်နှင့် ၂၃-၂-၂၀၂၆ ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခဲ့ပါသည်။ ထိုသို့ အကြင်လင်မယားအဖြစ်တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသောကြောင့် ဦးသန်းဇော်နှင့် ပတ်သက်သည့် မည်သည့်ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်အိအိမိုး (ဘ) ဦးကျော်ကျော်**
**၉/ကဆန(နိုင်)၁၂၁၂၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ငွေပုလဲလမ်း၊ မြေကွက်အမှတ် (၆၉၂)၊ (၄၀ x ၆၀)ပေ၊ (၀ ဒသမ ၀၅၅) ဧက (၂၄၀၀) စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ် (၆၀) မြေငှားဂရန် အမည်ပေါက် ဒေါ်မီမီမျိုးငယ် ၅/ခဥန(နိုင်)၀၃၆၉၈၁ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ် (၆၀) မြေငှားဂရန် မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ ဦးရဲမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဒေါ်သီတာမိုး LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၄၉၀)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၈၇၇၄၅၈၅၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၂၂၅၈)၊ လှော်ကားလမ်း၊ အကျယ်အဝန်း ( ပေ ၄၀ x ပေ ၆၀) ရှိ ဦးမြင့်သန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးဆန်းမင်းနိုင် ၁၄/ဟသတ(နိုင်)၁၉၆၇၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ် (၉၈)၊ မြေညီ၊ ၁၅၅လမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ဦးညီညီဇော် ၁၂/ကမတ(နိုင်)၀၃၁၆၉၉ သည် ၂၈-၉-၂၀၀၁ ရက်တွင် ဒေါ်သိန်းသိန်းဌေး A/RGN-၀၁၆၈၄၇ ထံသို့ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြေညာသည့်ရက်မှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)**
**ဖုန်း- ၀၉-၂၆၀၇၈၀၉၀၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၈

| | | |
|---|---|---|
| ဦးအိုက်ရွှေ | နှင့် | ဒုအရာခံ ဗိုလ်မြကျော် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်မာသိန်း) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အကွက်(ဘဘ-၇)၊ ၄၇ x ၄၈ လမ်းကြား၊ ၁၁၃ x ၁၁၄ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ ဒုအရာခံဗိုလ်မြကျော် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်မာသိန်း (ဘ) ဦးကျော်ဂျီ) (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအိုက်ရွှေက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၇)၊ ဦးပိုင်အမှတ် (၂၂)၊ ဧရိယာ (၀ ဒသမ ၀၅၁) ဧက၊ အကျယ်အဝန်းရှိ မြေရောင်းဝယ်မှုအား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေယံမိုး)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ရတနာသီရိလမ်း၊ မြေကွက်အမှတ် (၂၃၆) နှင့် (၂၃၇)၊ အိမ်အမှတ် (၂၆၈/၂၆၉) ၏စုစုပေါင်း မြေအကျယ်အဝန်းမှာ (၅၀ ပေ x ၅၀ ပေ) ဖြစ်သော နှစ် (၆၀) မြေငှားဂရန် သက်တမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ ရေနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးတင် (ဘ) ဦးစံသိန်း ၁၀/မဒန(နိုင်)၀၃၄၉၀၅ မှ တာဝန်ယူလက်မှတ်ရေးထိုးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁) ဒေါ်စိန်စိန်မြင့် ၁၂/လသန(နိုင်)၀၀၉၁၄၁ နှင့် (၂) ဒေါ်စုစုမော် ၁၂/လသန(နိုင်)၀၂၁၂၇၈ သည် ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တို့အား အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ ငွေအချို့ကို စရန်ငွေအဖြစ် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းမြေကွက်နှင့် နေအိမ်တို့အား ပိုင်ရေးဆိုခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤမြေကွက်နှင့်နေအိမ်တို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေဖြိုး (LL.B, DBL, DML, DIPL, WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၈၀၁ /၂၁-၁၂-၂၀၂၀)**
**အမှတ် (၇၉၁)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၅၀၁၆၁၂၈ ၊ Email - hwp.associates@gmail.com**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့၊ မြင်းနီရွာ (ဘ) ဦးသန်းထွန်း၏ သား ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယအကောက်ခွန်မှူးဦးဝင်းဇော် ၇/သကန(နိုင်)၀၈၆၈၂၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၇-၁၉၈၃ ရက် ဖြစ်ပါကြောင်း။ **ဦးဝင်းဇော်**

## ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်၊ နယ်မြေ (၁) နေ (ဘ) ဦးအီး (ခ) တင်ထွေး၏သား မောင်အောင်ခန့်ကို ၁၃/ရစန(ပြု)၀၀၁၂၈၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၂၀၇၉၂၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင် အိမ်ရာနေ (ဘ) ဦးမောင်တင်၏ သမီး ဒေါ်သီသီ (ခ) ဒေါ်သီသီတင် ၁၂/ရကန(နိုင်)၀၀၉၃၁၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သီသီ (ခ) ဒေါ်သီသီတင်**
**၁၂/ရကန(နိုင်)၀၀၉၃၁၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5651 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/4050 Honda Wave 110 ယာဉ် လက်ဝယ်ရှိသူ ဦးနောင်နောင် ၁၄/ဟသတ(နိုင်)၃၇၅၃၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်္သာတ)**

## ဒေါ်နုနုတင်
### အထက်တန်းပြ (ငြိမ်း)
### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၈) ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၂၉၆)နေ (ဦးသန်းတင်-ဒေါ်ဝင်း)တို့၏သမီး၊ (ဦးချို-ဒေါ်လှတင်) တို့၏ချွေးမ၊ (ဗိုလ်မှူးအောင်လတ်)(ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးဝင်းထွဋ်(ငြိမ်း)-ဒေါ်တင်သွယ်လတ်၊ ဗိုလ်ကြီးတင်ကျော်လတ်(ငြိမ်း)-ဒေါ်နန်းမျိုးသန္တာထွန်း၊ ဦးတင်မောင်လတ်-ဒေါ်စိုးစိုးကြည်၊ ဒေါက်တာစိုးအောင်မြင့်-ဒေါက်တာတင်နွယ်လတ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်နုနုတင်သည် ၂၅-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် OSC Hospital ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၆ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာအိုးအား ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၆ ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၃၆-က)၊ ဧရိယာ(၀.၀၄၈) ဧက၊ ဦးဇော်အေး ၁၃/လရန(နိုင်)၀၀၂၁၀၇ အမည်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့၏ (၂၅-၃-၂၀၂၄) ရက်စွဲပါ စာအမှတ် ၄/၆-၄(၀၇၆)/ ဦး၁(အထဥ)ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိပြီးဖြစ်သဖြင့် ၎င်းမှဦးပိုင်ခွဲစိတ်ခွင့်ရသီးခြား မြေငှားဂရန် အသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးဇော်အေးအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်အမိန့်အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးဇော်အေးအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရသီးခြားမြေဂရန်အသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၆၇)၊ ထောင်ကုန်းအကွက်၊ ဦးပိုင်အမှတ် (၂၁/က/၁၁)၊ ဧရိယာ (၀.၄၈၀) ဧက အတွင်းမှ ဧရိယာ (၀.၀၃၂) ဧကရှိ ဒေါ်စန်းရီ အမည်ဖြင့် မှတ်သား ထားရှိသော မြို့မြေ(B)ကို ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဆင်ကူးကြီးကျေးရွာအုပ်စု၊ မရမ်းကုန်းကျေးရွာနေ ဒေါ်နန်းနွယ်မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ ရွှေသူဌေး ရပ်ကွက်၊ အကွက်အမှတ် (၄)၊ ရွှေသူဌေးကွင်း၊ ဦးပိုင်အမှတ်-၈၇၊ ဧရိယာ (၀.၁၁၁)ဧကဖြစ်သည့် ဒေါ်ခင်ဝင်း အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန် ရရှိထားသည့် ဝိုင်းမြေနှင့် ယင်းဝိုင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်းထွန်းဝင်း (ဘ)ဦးမိုးဝင်း ၅/မမန(နိုင်)၀၈၁၈၈၁ နှင့် ဒေါ်ပိုပို(ဘ)ဦးသိန်းဝင်း ၉/မသန(နိုင်) ၁၂၁၀၂၇ တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေ (ဘ) ဦးရန်အောင် ၉/နထက(နိုင်)၁၆၃၄၀၂ သည် အပြီးအပိုင် လွှဲပြောင်းပယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို ဝိုင်းမြေနှင့်နေအိမ်အရောင်း အဝယ်ပြုလုပ်ထားခြင်းအား ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဝိုင်းမြေနှင့်နေအိမ် အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူဒေါ်နှင်းဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖွေးဖွေးကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၁၄/၂၀၂၁)**
**ဖုန်း-၀၉-၇၈၅၅၂၄၃၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစု ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း (၆၃/စစ်ရဲတပ်ရပ်)၊ ဦးပိုင် (၁၀-ထ)၊ မြေကွက်အမှတ် (၂/၉၇)၊ ဧရိယာ (၀.၀၃၉)၊ ဂရန်အမှုတွဲအမှတ် (၁၃၃/၂၀၀၆-၂၀၀၇)၊ နှစ် (၃၀) ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ဘီစနာဒေဝီ ၁၃/တကန(ဧည့်)၀၀၁၄၁၅ (ဘ) ဦးကျော်သိန်းမှ ယင်းမြေရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ကမ်းလှမ်းသည့်အတွက် ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဦးချမ်းမြေ့ ၅/ပလန(နိုင်)၀၇၁၈၈၇၊ (ဘ) ဦးဖိုးတူး က အပြီးပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေမည်ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်နေအိမ် အကျိုးခံစားခွင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက် အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးချမ်းမြေ့ ၅/ပလန(နိုင်)၀၇၁၈၈၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်ဆွေ B.Sc HGP**
**အထက်တန်းရှေ့နေ(စဉ်-၉၃၃၉/၁၉၈၄)**
**၁၉/၁၀ ရေထွက်ဦးလမ်းနှင့်**
**နေခြည်ဦးလမ်းထောင့်၊ ရေအေးကွင်းရပ်၊**
**တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၉၇၈၁၅၅၄၃၃**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဟာဝါဘီ
### အသက် (၇၆) နှစ်

ဦးစံလင်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်) ၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင် ဒေါ်ဟာဝါဘီ၊ အသက် (၇၆) နှစ် သည် ၁၅-၂-၂၀၂၆ ရက် (တနင်္ဂနွေနေ့) ညနေ (၆ : ၀၀ )နာရီတွင် (၉၆) ပါး ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ နှင့်**
**အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/8837, Hyundai ,Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ Khit Thit Bayindaung Public Co.,Ltd မှတ်ပုံတင်အမှတ် 115669648က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ် (၆) ဈေးကွက်၊ ဦးပိုင်အမှတ် (၇၉)၊ ဧရိယာ (၀.၀၈၃) ဧကရှိမြေနှင့် နေအိမ်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်-၁၇၁/၂၀၂၄ ဖြင့် ချုပ်ဆိုပြီး ဖြစ်သည့်အတွက် ဦးသိန်းဟန်(သမီး)မခိုင်လွင်ဖြိုးတို့မှ မိမိတို့၏ အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇-၃-၂၀၂၆) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးသိန်းဟန်(သမီး)မခိုင်လွင်ဖြိုး**
**လမ်းမတော်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် (၇)၊ လူနေရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၇၈၈)၊ အောင်သပြေအရှေ့လမ်း၊ (၇) ရပ်ကွက်ရှိ ဒေါ်ရွှေမြ (၁၂/ဥကမ (နိုင်) ၁၀၅၇၇၁) မြေအမည်ပေါက် (၄၀ x ၆၀) ပေ မြေပေါ်တွင် နှစ်ခန်းတွဲ ၆ထပ်တိုက် သံကူကွန်ကရစ်အဆောက်အအုံ၏ (ညာ ဘက်) (အလျား ၁၉ ပေ x အနံ ၆၀ ပေ x အမြင့် ၁၄ ပေ) နှစ်ထပ်ရှိ မြေညီထပ် (B1) ဟု ခေါ်တွင်သော အခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ပိုးဇာခြည်ခင် (၁၂/စခန(နိုင်)၀၆၈၅၄၂) မှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း မိမိ၏ လွတ်လပ်သောသဘော ဆန္ဒဖြင့် လွှဲပြောင်းရောင်းချနိုင်ကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ချိုချို (၁၂/ဗဟန(နိုင်)၀၁၂၄၂၃) မှ ဝယ်ယူ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီး ဖြစ်သည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးစီးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ရောင်းချသည့်ပစ္စည်းအား လက်ရောက်ရယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ချိုချို (ဝယ်သူ)**
**ဒေါ်ပိုးဇာခြည်ခင်**
**(ရောင်းသူ)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇေယျာထွန်း ( LL.B)** — **ဒေါ်သဇင်အိ( LL.B )**
**(စဉ်-၁၂၅၃၂)** — **(စဉ်-၅၃၁၇၉)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**

**အမှတ် ၁၀/အေ၊ Sea Green Tower၊ မဟာဗန္ဓုလလမ်းနှင့်**
**ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၈၉၁၄၅၅၃၅**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 43W/74732, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဆန်း ၁၄/အမန(နိုင်)၁၂၉၆၅၆ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/19436, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်လင်း ၁၄/အမန(နိုင်)၁၀၇၇၉၉ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/88140 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဟန် ၇/တငန(နိုင်)၁၁၇၈၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/27192, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဖေ ၁၁/သတန(နိုင်)၀၅၃၁၃၉ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၃)၊ မြင်သာစုပေါင်းအိမ်ရာ၊ ဇမ္ဗူ့သပြေလမ်း၊ မြေကွက်အမှတ် (၁၁၉/၁)၊ မြေပေအကျယ် ဧရိယာ(၀.၀၃၉)ဧကေ ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခင်ခင်ဌေး (၁၂/ဥကတ(နိုင်)၁၀၆၆၉၃) က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်လုံးချင်းနေအိမ် အပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ် (၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ (၃) လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

(ဘ) ဦးသောင်းယဉ်၏သား ဦးသန့်ဇင်ဦး (၁၃/မဘန(နိုင်)၀၁၃၇၈၁) အမည်ပေါက်ရရှိထားသော တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁) ရပ်ကွက်၊ နယ်မြေ (၂)၊ အိမ်အမှတ်(၈၆- ခ/၃၂၀)မြေကွက်၏ မြေစာရင်းပုံစံ (၁၀၅)မှာ အိမ်အပြောင်းအရွှေ့ပြုလုပ်စဉ်ပျောက်ဆုံးသွားပါသဖြင့် မြေစာရင်းပုံစံ (၁၀၅) ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇင်ဦး (၁၃/မဘန(နိုင်)၀၁၃၇၈၁)**
**ဖုန်း-၀၉-၄၃၁၇၅၀၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 48W/88217, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်ဝင်းမြတ် (၂/လကန(နိုင်)၀၅၉၈၈၄) က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**လွိုင်ကော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/98963, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်းအောင် ၁၄/မအန(နိုင်)၂၇၁၁၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ လူနေရပ်ကွက်အမှတ်-စိုက်မွေး(၁)၊ မြေကွက်အမှတ် (၇၆) ဟုခေါ်တွင်သော မြေအလျား x အနံ (၆၀ x ၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ခွဲတပ်ကြပ်ကြီးဗျာလော (ကပ-၂၉၇၆၉၇) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းထွဋ်မင်း (၁၂/ဗဟန(နိုင်)၀၈၅၈၀၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိုးဆွေ (၅/ခဥန(နိုင်)၀၈၅၅၉၇) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော် (LL.B)** — **ဒေါ်ယမင်းထွေး (LL.B)** — **ဦးရဲသီဟ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** — **အထက်တန်းရှေ့ နေ(စဉ်-၅၆၃၆၆)**

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉၇၇၂၇၇၇၇၁၂၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ (ဏ/၄၀) ရပ်ကွက်၊ ရွှေဝါထွန်း (၄) လမ်း၊ မြေကွက်အမှတ်-၁၆၂၄ (ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးလှအောင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသော ဦးသက်နိုင် (၁၂/ဥကမ (နိုင်) ၀၈၆၃၄၂) မှ ၎င်းသာလျှင် လက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမြတ်ထွန်း (၁၂/ရပသ (နိုင်) ၁၄၀၁၃၉၃) က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါရှိပြီး (၇) ရက် အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ဆုမြတ်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၀၇)**
**အမှတ် (၄၄၄/ခ)၊ စိတ္တသုခလမ်း၊ (၂/ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၉ ၄၃၁၃၁၄၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၂၈၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးစနေဦး ၁၀/မဒန (နိုင်) ၂၆၂၄၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၆၂၉၃ ယာဉ်လက်ဝယ်ရှိသူ ဦးထူးခန့်ဇံ ၁၀/မလမ(နိုင်) ၂၉၆၄၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့၊ ပင်အောင်းရွာနေ (ဘ) ဦးစောဖြူ၏သား ခွန်သိန်းရွှေ (၁၃/ဆဆန(နိုင်)၀၉၄၆၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-348632) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၄၂၁၄၂၈၆၁**

## မွေးသက္ကရာဇ်မှန်

ရှမ်း (တောင်) ဆီဆိုင်မြို့နယ်၊ အ.လ.က(ခွဲ)ကျောင်းတွင် မူ-ပြ ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ရီရီချို (၇/နတလ(နိုင်)၀၀၈၃၁၀) ၏ မွေးသက္ကရာဇ် အမှန်မှာ (၆-၁-၁၉၆၉) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ ကုန်းလုံးလပ်လွှိုင်ကျေးရွာ၊ မူလတန်းကျောင်းမှ ကျောင်းအုပ် ဦးပြည့်ဖြိုးမွန် ၁၃/လလန(နိုင်) ၀၉၂၀၉၄၏ ဖခင် ဦးလမွန်(ခ) ဦးစောလမွန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာနေ နောက်ဆုံးနှစ်သမိုင်း ဘာသာရပ်တွင် ပညာသင်ကြားနေသော မောင်ရဲသူရ၏ဖခင် ဦးဖိုးပြား (ခ) ဦးခင်မောင်ဌေး ၉/ရမသ(နိုင်) ၂၅၆၁၇၇မှာ တစ်ဦးတည်းပါဖြစ်ကြောင်း။

**ဦးဖိုးပြား(ခ)ဦးခင်မောင်ဌေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၀၆၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်စိုး ၁၀/မလမ(နိုင်) ၀၂၂၅၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

သင့်သွေးဖြင့် အသက်ကယ်ပါ

❖ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်း ၃ ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ကျင်းပသည့်မြို့နယ်များအားလုံးတွင် ရာနှုန်းပြည့် ကျင်းပနိုင်ခဲ့ . . .

❖ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် တပ်မတော်အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ် . . .

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

## ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်သူများအနေဖြင့် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့်ခေါင်းဆောင်မှုနှင့် ဦးဆောင်လမ်းပြနိုင်ရန်လိုအပ်သကဲ့သို့ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင်လည်း တည်ဆောက်နိုင်စွမ်းရှိရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဖေယျကျော်ထင်စည်သူ ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည်

*စာမျက်နှာ ၄ ကော်လံ ၁* ❖



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း သင်တန်းဆင်းဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးစဉ်။

## ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့တွင် အက်သလက်တီကိုမက်ဒရစ်၊ ကာဆယ်တို့ နိုင်ပွဲရပြီး အင်တာမီလန် ရှုံးနိမ့်



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့အဖြစ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၂ နာရီခွဲက Stadio Giuseppe Meazza ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အီတလီနာမည်ကြီး အင်တာမီလန်နှင့် နော်ဝေကလပ် ဘိုဒိုဂလင့်အသင်းပွဲစဉ်တွင် ဘိုဒိုဂလင့်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘိုဒိုဂလင့်အသင်းသည် ဖေဖော်ဝါရီ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့်

*စာမျက်နှာ ၁၅ ကော်လံ ၅* ❒

**ယနေ့ သတင်းအညွှန်း**

**ကယားပြည်နယ် သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဖားဆောင်းမြို့နယ်မှ မယ်စဲ့မြို့နယ်သို့ ဆက်သွယ်ထားသည့် သံလွင်တံတား(ဖားဆောင်း)အား KNPP ၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒုတိယအကြိမ် ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

ပြည်တွင်းသတင်း စာ ၁၈